ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၁၃)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်**

**( ၂၀၁၉ ခုနှစ်၊ မေလ ၃၀ ရက် )**

**[ ကြာသပတေးနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၁။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၀)ဦး တက်ရောက် ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၈၄.၈၂) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၄။**

**ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ၃၀-၅-၂၀၁၉ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်မ ဒေါ်သီရိရတနာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကျန်းမာရေး။ ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ညီလာခံ တက်ရောက်ရန်။ ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဖက်ဒရယ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲတက်ရောက်ရန်။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်ကျော်ဇံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးခင်ဇော်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေး။ ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမောင်မောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးကျော်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဒေါ်ရှားမူ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ဖက်ဒရယ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ တက်ရောက်ရန်။ ဦးအေးဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကျန်းမာရေးတို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၃)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၂၁)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၃၄)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ်

သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၄)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀:၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉ အရ လွှတ်တော်အစည်းအဝေးများတွင် ပထမတစ်နာရီသည် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ဆောင်ရွက်ရန်ဖြစ်သော်လည်း သတ်မှတ်ထားသည့်အချိန်အတွင်း မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း မပြီးဆုံးခဲ့ပါက အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ကို ကြိုတင်အသိပေးအပ်ပါတယ်။

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်တွင် အသေးစား(SME) လုပ်ငန်းစုများပါဝင်သော စက်မှုဇုန်တစ်ခု အကောင်အထည်ဖော်ထူထောင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၀၉။**

**ဥက္ကဋ္ဌ။** ။ ယခု ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇေ့တင်း က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်တွင် အသေးစား(SME)လုပ်ငန်းစုများ ပါဝင်သော စက်မှုဇုန်တစ်ခု အကောင်အထည်ဖော် ထူထောင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၉။**

**ဦးဇေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇေ့တင်း ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနှင့် ဒီကနေ့ အမျိုးသားလွှတ်တော်မှာ လူသားအရင်းအမြစ်ဖွံ့ဖြိုးလာစေရေး ရည်ရွယ်ချက်ဖြင့် အသေးစား(SME)လုပ်ငန်းစုများ ပါဝင်သော စက်မှုဇုန်တစ်ခု အကောင်အထည်ဖော်ထူထောင်ပေးရန် ကိစ္စနှင့်စပ်လျဉ်း၍ မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေဖြစ်သော ပလက်ဝမြို့နယ်သည် ဧရိယာစတုရန်းမိုင်ပေါင်း(၁၁၂၇)မိုင်ကျော် ကျယ်ဝန်းသော မြို့နယ်တစ်ခု ဖြစ်ပါတယ်။

ပထဝီအနေအထားရ တောင်ကုန်း၊ တောင်တန်းပေါ်များပြီး မြေပြန့်လွင်ပြင် အနည်းငယ်ရှိပါတယ်။ ကျေးရွာပေါင်း(၃၈၄)ရွာရှိပြီး၊ လက်ရှိလူဦးရေ(၁၀၂၀၀၀)ဦးခန့်နေထိုင်လျက်ရှိပါတယ်။ ပလက်ဝမြို့နယ်သည် ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးလျက်ရှိသော ဒေသတစ်ခုပင်ဖြစ်ပါသည်။ အလုပ်အကိုင်အခွင့်အလမ်းများ မရှိသလောက်ဖြစ်ပြီး မိမိတို့ဒေသကို စွန့်ခွာ၍ ပြည်ပနိုင်ငံများသို့ ခြေစုံကန်သွားသူများရှိသလို ရန်ကုန်မြို့နှင့် အခြားမြို့များတွင်လည်း ရရာအလုပ်များ ရှာဖွေလုပ်ကိုင်လျက်ရှိပါတယ်။ Data အချက်အလက်များအရ ပလက်ဝမြို့နယ်မှ လူငယ်၊ လူရွယ်ဦးရေ(၂၀၀)ခန့် ရန်ကုန်မြို့တွင် အလုပ်အကိုင်များ ရှာဖွေလုပ်ကိုင်လျက်ရှိပါတယ်။ မိမိဒေသအတွင်း အလုပ်အကိုင်မရှိသည့်အတွက် အခြားဒေသများသို့ နေရပ်စွန့်ခွာ အလုပ်အကိုင် ရှာဖွေခဲ့ရခြင်းဖြစ်ပါတယ်။ လက်ရှိပလက်ဝမြို့တွင် အိန္ဒိယ-မြန်မာ ကုလားတန်ဘက်စုံစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ပလက်ဝ - မတူပီကားလမ်းနှင့် ကျောက်တော် - ပလက်ဝကားလမ်းကိုလည်း အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိပါတယ်။ အခုလက်ရှိ ပလက်ဝမြို့သည် တိုးချဲ့မြို့သစ်စီမံကိန်း မြေနေရာဧက(၁၅၀၀)နီးပါး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

စီမံကိန်းအစီအစဉ် ရေးဆွဲစဉ်ကတည်းက စက်မှုဇုန်တစ်ခု တည်ထောင်ရန် မြေနေရာလည်း လျာထားပြီး ဖြစ်ပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဂျပန်ချေးငွေ (JICA)ဖြင့် ပလက်ဝမြို့၌ မဟာဓာတ်အားလိုင်း သွယ်တန်းပေးမည်ဟု ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် အတည်ပြုပြီးဖြစ်ပါတယ်။ လျှပ်စစ်မီးရရှိပါက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်နိုင်မည်ဟုလည်း ယုံကြည်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့ ပလက်ဝဒေသသည် အဖက်ဖက်မှ ဖွံ့ဖြိုးမှုနိမ့်ကျလျက်ရှိသော မြို့နယ်တစ်ခုဖြစ်သည့်အားလျော်စွာ ယခုလိုမျိုး နိုင်ငံတော်အစိုးရမှ စက်မှုဇုန်တစ်ခု ထူထောင်ပေးနိုင်ပါက ဒေသခံများအလုပ်လက်မဲ့ ပြဿနာများကိုလည်း အတိုင်းအတာတစ်ခုအထိ ဖြေရှင်းပေးရာလည်း ရောက်ပါတယ်။ လူသားအရင်းအမြစ် အခန်းကဏ္ဍလည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်းရှိ အသေးစား(SME)လုပ်ငန်းစုများ ပါဝင်သော စက်မှုဇုန်တစ်ခု အကောင်အထည်ဖော်ထူထောင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း သက်ဆိုင်ရာ စက်မှုဝန်ကြီးဌာနအား လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၁၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၁၁။**

**ဦးခင်မောင်ချို (ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှု ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇေ့တင်း ရဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်တွင် အသေးစား (SME) လုပ်ငန်းစုများ ပါဝင်သော စက်မှုဇုန်တစ်ခု အကောင်အထည်ဖော် ထူထောင် ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ချင်းပြည်နယ်အစိုးရအဖွဲ့၏ကိုယ်စား စက်မှုဝန်ကြီး ဌာနက ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။

စက်မှုဇုန်တွေဟာ ဒေသခံပြည်သူတွေကို အလုပ်အကိုင်၊ အခွင့်အလမ်း များစွာပေးစွမ်း နိုင်ပြီး နိုင်ငံသားများရဲ့ လူနေမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရေးကို အထောက်အကူပြုစေတဲ့ စက်မှုအခြေခံစီးပွားရေးလုပ်ငန်းများ စုစည်းရာနေရာတွေဖြစ်ပါတယ်။ ဒေသအလိုက် ဖွံ့ဖြိုး တိုးတက်မှု ကွာဟချက်များ တဖြည်းဖြည်း လျော့နည်းကျဉ်းမြောင်းလာစေရေးနှင့် စက်မှုလုပ်ငန်းများ ပိုမိုပြင်ပြင် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရေရှည်မျှော်မှန်းချက်များထားရှိပြီး လက်ရှိစက်မှုဇုန် များကို အဆင့်မြှင့်တင်ခြင်းနှင့် အသစ်ဖော်ထုတ်ခြင်းများ ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် လူမှုစီးပွားဘဝများ၊ မြင့်မား လာစေရန်နှင့် တစ်နိုင်ငံလုံးရဲ့ GDP တိုးတက်လာစေရန် အဓိကထား၍ စက်မှုဇုန် (၁၉)ခုကို ဖွင့်လှစ် ထားရှိခဲ့တာပဲ ဖြစ်ပါတယ်။ အောင်မြင်မှုများအနေနဲ့ ပြောရမယ်ဆိုရင်တော့ အားရကျေနပ်ဖွယ်ရာ ထိရောက်တဲ့တိုးတက်မှုများ သိသိသာသာ မတွေ့ရှိရသေးသော်လည်း တစ်ဆင့်ပြီး တစ်ဆင့်တက် လှမ်းရန် အခြေခံကောင်းများ ပေါ်ထွက်နေပြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့ ဆက်လက်ကြိုးပမ်း သွားကြရဦးမှာဖြစ်ပါတယ်။

လက်ရှိစက်မှုဇုန်များကို ယခုထက်ပိုမိုအားကောင်းပြီး ရေရှည်ဖွံ့ဖြိုး တိုးတက်လာစေရေး၊ စနစ်ကျန အောင်မြင်ဖြစ်ထွန်းသည့် စက်မှုဇုန်များ ပေါ်ထွက်လာစေရေးနှင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ပွားများလာစေဖို့အတွက် စက်မှုဝန်ကြီးဌာနအနေဖြင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့နဲ့ ပူးပေါင်းပြီး စက်မှုဇုန်ဥပဒေကြမ်းကို ရေးဆွဲထားပြီးဖြစ်ပါတယ်။ ယခုအခါ စက်မှုဇုန်ဥပဒေကြမ်းများကို အများ ပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဆန်းစစ်နိုင်ရန်အတွက် နိုင်ငံပိုင်သတင်းစာများ၌ ထည့်သွင်းဖော်ပြထားရှိပြီး ဖြစ်ပါတယ်။ အဆိုပါ စက်မှုဇုန်ဥပဒေ ပြဋ္ဌာန်းပြီးပါက နိုင်ငံတော်၏

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဘောင်များနှင့်အညီ လက်ရှိအခြေအနေထက် ပိုမို ကောင်းမွန် ခိုင်မာသည့် စက်မှုဇုန်များ အနာဂတ်မှာ ပေါ်ထွက်လာဖို့ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းပြီး စနစ်တကျ စီမံဆောင်ရွက် အကောင်အထည်ဖော်သွားရမှာဖြစ်ပါတယ်။

စက်မှုဇုန်တစ်ခုကို အကောင်အထည်ဖော်တဲ့အခါမှာ အခြေခံလိုအပ်ချက်များဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ မြို့ပြအနီး ပတ်ဝန်းကျင်တွင်တည်ရှိမှု၊ ရေနှင့် လျှပ်စစ်ဓာတ်အား ရရှိနိုင်မှု၊ ကျွမ်းကျင်လုပ်သားများရရှိနိုင်မှု၊ ဈေးကွက်အလားအလာကောင်းမွန်မှုနှင့် ကုန်ကြမ်း လုံလုံလောက်လောက် ရရှိနိုင်မှု အစရှိတဲ့အချက်များနှင့် ပြည့်စုံရမှာဖြစ်သလို စက်မှုဇုန်များမှ ထွက်ရှိလာမယ့် စွန့်ပစ်ပစ္စည်းများကြောင့်လည်း သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိစေဖို့ အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အစီအမံများကိုလည်း ကြိုတင်စီမံဆောင်ရွက် ထားကြရမှာ ဖြစ်ပါတယ်။

ချင်းပြည်နယ်မှာ စက်မှုဇုန်များ တည်ထောင်နိုင်ရေးအတွက် ကြိုးပမ်း အကောင်အထည်ဖော်တဲ့ အခါမှာလည်း အဲဒီလိုအခြေခံလိုအပ်ချက်များနှင့် ကိုက်ညီမှုရှိရမှာဖြစ်တာကြောင့် လုပ်ငန်းများ မစတင်မီ ဖြစ်မြောက်နိုင်စွမ်းလေ့လာဆန်းစစ်မှု (Feasibility Study) များကို ရှေးဦးစွာ ကြိုတင် လုပ်ဆောင်သွားကြရမှာ ဖြစ်ပါတယ်။

ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဟားခါးမြို့နယ်၊ ပလက်ဝမြို့နယ်၊ တီးတိန်မြို့နယ်နှင့် မတူပီမြို့နယ်တို့၌ စက်မှုဇုန်များထူထောင်သွားဖို့ သတ်မှတ်လျာထားပြီး Feasibility Study များ ပြုလုပ်နိုင်ရန် မြေပြင်ကွင်းဆင်းလေ့လာရေးအဖွဲ့များကို ၁၂-၃-၂၀၁၉ ရက်နေ့မှာ ဖွဲ့စည်းထား ရှိပြီးလည်းဖြစ်ပါတယ်။ ယခုအခါ ပလက်ဝမြို့နယ်မှာ စက်မှုဇုန်ဖော်ထုတ်ရေးအတွက် ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးအား ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ထားပြီး သက်ဆိုင်ရာဌာနများမှ အဖွဲ့ဝင်များအဖြစ် မြေပြင်ကွင်းဆင်းလေ့လာရေးအဖွဲ့ကို ဖွဲ့စည်းကာ အကြို လေ့လာဆန်းစစ်မှုများ စတင်ပြုလုပ်နေကြပြီ ဖြစ်ပါတယ်။

ချင်းပြည်နယ်ဟာ ထူးခြားသော သဘာဝအလှတရားများဖြင့် ပြည့်နှက်ထုံမွမ်းထားတဲ့ ပြည်နယ်တစ်ခုဖြစ်တာကြောင့် ခရီးသွားလုပ်ငန်းကဏ္ဍမှာ တန်ဖိုးထားဂုဏ်ယူရမယ့် အလွန်ထူးခြား တဲ့ ဝိသေသတွေနဲ့ ပြည့်စုံလှတဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ စက်မှုလုပ်ငန်းများလည်း တည်ထောင် အကောင်အထည်ဖော်ခြင်းဖြင့် သဘာဝက ပေးစွမ်းတဲ့ ပင်ကိုယ်အလှတရားများကို ပျက်စီးဆုံးရှုံးမှု မဖြစ်စေရေးကိုလည်း အထူးအလေးထားဆောင်ရွက်သွားကြဖို့ လိုအပ်မှာဖြစ်ပါတယ်။

ကုလားတန်မြစ်ရဲ့ အနောက်ဘက်ကမ်းမှာ တည်ရှိတဲ့ ပလက်ဝမြို့နယ်ဟာ ချင်းပြည်နယ်ရဲ့ ဧရိယာအကျယ်အဝန်းဆုံး မြို့နယ်တစ်ခုဖြစ်ပြီး စတုရန်းမိုင်ပေါင်း (၃၀၀၀)ကျော်၌ လူဦးရေ (၁)သိန်းကျော် နေထိုင်လျက်ရှိကြပါတယ်။ ကုလားတန်ဘက်စုံစီမံကိန်းအရ ပလက်ဝမြို့နယ်မှ

အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်အထိ သွားလာနိုင်တဲ့ မော်တော်ကားလမ်းကို ၂၀၁၈ ခုနှစ်ကပင် စတင်ဖောက်လုပ်ခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီကားလမ်းပြီးတာနဲ့ ပလက်ဝမြို့ဟာလည်း အိန္ဒိယနှင့်မြန်မာတို့ ကုန်စည်များ အပြန်အလှန် သယ်ယူပို့ဆောင်ရာမှာ အဓိကအရေးပါလှတဲ့ လမ်းကြောင်းပေါ်မှာ တည်ရှိလာမှာ ဖြစ်တာကြောင့် စက်မှုဇုန်တစ်ခု ဖော်ထုတ်နိုင်ခြင်းဖြင့် အိန္ဒိယမှ တင်သွင်းလာတဲ့ ချည်ထည်အပါအဝင် ကုန်ပစ္စည်းမျိုးစုံကို တစ်ဆင့်ဖြန့်ဖြူးရာ နေရာဒေသတစ်ခု ဖြစ်လာနိုင်သကဲ့သို့ ဒေသထွက်ကုန်ပစ္စည်းများကို တန်ဖိုးမြင့်ထုတ်ကုန် (Value Added Products) များအဖြစ် ပြုပြင်ဖန်တီးပြီး အိန္ဒိယနိုင်ငံသို့ ပို့ဆောင်ရာ အချက်အချာနေရာတစ်ခုလည်း ဖြစ်လာတော့မှာ ဖြစ်ပါတယ်။ ထို့အပြင် ပလက်ဝမြို့အတွက် အဓိကလိုအပ်နေတဲ့ လျှပ်စစ်ဓာတ်အားများ ပိုမိုတိုးတက်ရရှိနိုင်ဖို့ကိုလည်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်းမှာ အကောင်အထည်ဖော်နိုင်ဖို့ ဆောင်ရွက်တော့မှာဖြစ်ပါတယ်။

ချင်းပြည်နယ်ဟာ ‘ဝ’ဥ အဓိက ထွက်ရှိရာ ဒေသတစ်ခုဖြစ်ပါတယ်။ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်၍ စင်ကာပူ၊ မလေးရှား၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ယူအေအီး အစရှိတဲ့ ပြည်ပနိုင်ငံများသို့ နှစ်စဉ် ပျမ်းမျှတန်ချိန် (၃၀၀၀)ခန့် တင်ပို့ရောင်းချလျက်ရှိနေပါတယ်။ အခြားဒေသထွက်ကုန်တွေ ဖြစ်တဲ့ ကော်ဖီ၊ လက်ဖက်၊ စပျစ်သီး၊ ထောပတ်သီး၊ သရက်သီးနဲ့ ပန်းသီးတို့ကိုလည်း စက်မှုဇုန်တွေမှာ နိုင်ငံတကာအဆင့်မီ ဒီဇိုင်းပုံစံများဖြင့် သေသပ်လှပစွာ ထုပ်ပိုး၍ တန်ဖိုးမြင့် ထုတ်ကုန်များအဖြစ် အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ပါက ချင်းဒေသခံ တောင်သူများအတွက် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းလာနိုင်မှာဖြစ်ပါတယ်။

မွေးမြူရေးကဏ္ဍမှာလည်း ချင်းပြည်နယ်ရဲ့ နေရာဒေသအများစုမှာ နွားနောက်များကို တွင်ကျယ်စွာ မွေးမြူလျက်ရှိနေကြပါတယ်။ ချင်းရိုးရာ ဂျပ်ခုပ်အထည်များဟာလည်း အဆင်အသွေးမျိုးစုံဖြင့် လက်ရာသေသပ်ကောင်းမွန်လှပတာကြောင့် ပြည်တွင်းပြည်ပ ခရီးသွားများကို ဆွဲဆောင်မှုရှိတဲ့ ဒေသထွက်ကုန်များလည်း ဖြစ်ကြပါတယ်။ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသော စက်မှုဇုန်များ ဖော်ထုတ်နိုင်ခြင်းဖြင့် ချင်းပြည်နယ်ရဲ့ ဒေသဖွံ့ဖြိုးမှုကို များစွာအထောက်အကူပြုမှာ ဖြစ်ပါတယ်။

စက်မှုဝန်ကြီးဌာနအနေဖြင့်လည်း ချင်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများအတွက် နည်းပညာနှင့်အထောက်အပံ့များကို ပံ့ပိုးပေးလျက်ရှိနေသကဲ့သို့ လုပ်ငန်းရှင်များအတွက် လိုအပ်နေတဲ့ SME ချေးငွေများ ရရှိရေးအတွက်ကိုလည်း အကူအညီများ ပံ့ပိုးပေးလျက်ရှိနေပါတယ်။ စက်မှုလက်မှုအထက်တန်းကျောင်း (၂)ကျောင်း၊ စိုက်ပျိုးရေးသိပ္ပံကျောင်း(၁)ကျောင်း၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(၂)ကျောင်း၊ အမျိုးသမီးအိမ်တွင်းမှု သင်တန်းကျောင်း(၇)ကျောင်းနှင့် သူနာပြုဒီပလိုမာ သင်တန်းကျောင်း (၁)ကျောင်းတို့ကို ချင်းပြည်နယ်အတွင်းမှာ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဖွင့်လှစ်ထားရှိပြီးလည်း

ဖြစ်ပါတယ်။ စက်မှုဝန်ကြီးဌာနမှာလည်း ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရေး၊ ကျေးလက်လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရေးနှင့် ချင်းပြည်နယ်တွင် ပေါ်ပေါက်လာမည့် စက်မှုဇုန်များမှာ မရှိမဖြစ်လိုအပ်တဲ့ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးအတွက်ကိုလည်း ကြိုတင်စီမံသည့်အနေဖြင့် စက်မှုသင်တန်းကျောင်း (ပလက်ဝ)ကို ထိုင်းနိုင်ငံမှ (NEDA) Neighbouring Countries Economic Development Cooperation Agency ၏ အထောက်အပံ့ဖြင့် ဖွင့်လှစ်သင်ကြားပေးနိုင်ဖို့အတွက် အဆိုပြုလွှာများကိုလည်း ပေးပို့ညှိနှိုင်းထားရှိပြီးလည်း ဖြစ်ပါတယ်။

အဆိုပါ စက်မှုသင်တန်းကျောင်းများ ဖွင့်လှစ်ပေးနိုင်ပါက ဒေသခံပြည်သူများအနေနှင့် SME လုပ်ငန်းများကို အများဆုံးအထောက်အကူပြုစေမည့် လျှပ်စစ်နှင့် အီလက်ထရောနစ်ဘာသာရပ်၊ ဂဟေဆက်ပညာဘာသာရပ်၊ မော်တော်ယာဉ်စက်ပြင်ဘာသာရပ်၊ တွင်ခုံဖောက်ခုံစက်ကိုင်ကျွမ်းကျင်ဘာသာရပ်၊ လယ်ယာသုံးအင်ဂျင်ငယ်များ ပြုပြင်ထိန်းသိမ်းရေးဘာသာရပ်များအပြင် အဝတ်အထည်ချုပ်လုပ်မှု အတတ်ပညာဘာသာရပ်များကိုပါ သင်ကြားပို့ချသွားနိုင်ရေးအစီအစဉ်ကိုပင် ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ ပုံမှန်သင်တန်းများမှ နှစ်စဉ် ကျွမ်းကျင်လုပ်သား (၁၅၀)ဦးခန့်ကို လေ့ကျင့်မွေးထုတ်ပေးနိုင်ဖို့အတွက် ပဏာမအဆင့်အနေဖြင့် ဆောင်ရွက်ထားရှိခြင်းဖြစ်ပြီး ကာလတိုသင်တန်းများကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် ဖွင့်လှစ်သင်ကြားပေးသွားရန်အစီအစဉ်ထားရှိပြီး ဆိုတဲ့အကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းမှာ ပါဝင်နေသော ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်တွင် အသေးစား(SME)လုပ်ငန်းစုများ ပါဝင်သော စက်မှုဇုန်တစ်ခု အကောင်အထည်ဖော် ထူထောင်ပေးရန်အတွက် ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မြေပြင်ကွင်းဆင်းလေ့လာရေးအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ပေးအပ်ကာ Feasibility Study များ ပြုလုပ်လျက်ရှိနေပြီး ဖြစ်ပါကြောင်းနှင့် မြေပြင်ကွင်းဆင်းလေ့လာရေးအဖွဲ့၏ အသေးစိတ်အစီရင်ခံမှုအရ လက်တွေ့အကောင်အထည်ဖော်နိုင်ရန် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့်အတူ သက်ဆိုင်ရာဝန်ကြီးဌာနများမှပါ ပါဝင်ပူးပေါင်းကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၂၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့်

မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ အပ်စကျေးရွာအုပ်စု၊ ဟုန်းကျေးရွာ၊ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၁။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ အပ်စကျေးရွာအုပ်စု၊ ဟုန်းကျေးရွာ၊ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၁။**

**ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် ဖြစ်ပါတယ်။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ အမျိုးသားလွှတ်တော်မှာ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ အပ်စကျေးရွာအုပ်စု၊ ဟုန်းကျေးရွာ၊ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုတဲ့ မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ အပ်စကျေးရွာအုပ်စု၊ ဟုန်းကျေးလက်ကျန်းမာရေးဌာန(ခွဲ)ဟာ ပလက်ဝမြို့နယ်ရဲ့ အရှေ့ဘက်ခြမ်း၊ မတူပီမြို့နယ်၊ ကန်ပက်လက်မြို့နယ်နှင့် ပလက်ဝမြို့နယ်တို့ ဆက်သွယ်မည့် ကားလမ်းကြောင်းတွင် တည်ရှိသော ကျေးရွာဖြစ်ပါတယ်။ လေးမြို့မြစ်၏ အထက်ပိုင်းတွင်တည်ရှိသော ကျေးရွာဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသဖြစ်ပါတယ်။ မှူးတန်းကျန်းမာရေးဌာနနှင့် ကုန်းလမ်းမိုင် (၃၀)ကျော်ကွာဝေးပြီး သံထောင်ကျေးလက်ကျန်းမာရေးဌာန(ခွဲ)နှင့် ရေကြောင်းဖြင့် တစ်ရက်ခရီးသွားလာနေရသောဒေသ ဖြစ်ပါတယ်။ ဆမီးတိုက်နယ်ဆေးရုံနှင့် ကုန်းလမ်းဖြင့် မိုင်(၅၀)ခန့်၊ ပလက်ဝပြည်သူ့ဆေးရုံနှင့် ကုန်းလမ်းဖြင့် မိုင်ပေါင်း(၈၀)ကျော်ကွာဝေးသော ကျေးရွာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဟုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးပါက ၎င်းအနီးဝန်းကျင်ရှိ ကျေးရွာအုပ်စုများ

ဖြစ်သော ထိန်းခေါင်ကျေးရွာအုပ်စု၊ အပ်စကျေးရွာအုပ်စု၊ ခိုက်ခါကျေးရွာအုပ်စုများအတွင်းရှိ ဒေသခံ ပြည်သူများ ဒီထက်မက ကျန်းမာရေးစောင့်ရှောက်မှု ပြည့်ဝစွာရရှိမည်ဖြစ်ပါတယ်။ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)မရှိသေးသော ကျေးရွာအုပ်စုများတွင်လည်း ဟုန်းကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ပြီးပါက ကျေးလက်ကျန်းမာရေးဌာန(ခွဲ)များ တိုးချဲ့ဖွင့်လှစ်နိုင်မည်ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဟုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးပါက အပ်စကျေးရွာအုပ်စုအတွင်းနေ ပြည်သူများနှင့် အနီးဝန်းကျင်ရှိပြည်သူများ လူဦးရေ(၃၀၀၀)ကျော်အတွက် ကျန်းမာရေးစောင့်ရှောက်မှု ရရှိမည်ဖြစ်ပါသည်။ အထူးသဖြင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ သက်ကြီးရွယ်အိုများနှင့် ခရီးသွားပြည်သူများအတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှု ပြည့်ဝစွာ ရရှိမည်ဖြစ်ပါတယ်။ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှလည်း ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ဟုန်းကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်နိုင်ရန် တင်ပြအစီရင်ခံမည်ဖြစ်ကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ အပ်စကျေးရွာအုပ်စု၊ ဟုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးပါရန် အစီအစဉ် ရှိ/မရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနအား လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ ငွေးပင်တိုက်နယ်၊ ငွေးပင်ကျေးရွာတွင်ရှိသော ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း က မကွေးတိုင်းဒေသကြီး၊ ငွေးပင်တိုက်နယ်၊ ငွေးပင်ကျေးရွာတွင်ရှိသော ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၄။**

**ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီနေ့ မေးမယ့်မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊


ချောက်မြို့နယ်၊ ငွေးပင်တိုက်နယ်၊ ငွေးပင်ကျေးရွာတွင်ရှိသော ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။

ချောက်မြို့နယ်ကို မြို့(၂)မြို့နှင့် တိုက်နယ်(၄)ခုဖြင့် ဖွဲ့စည်းထားပါတယ်ခင်ဗျား။ ငွေးပင်ကျေးရွာဆိုတာ တိုက်နယ်ကျေးရွာကြီးတစ်ရွာဖြစ်ပါတယ်။ ယခင်က ကျေးလက်ဆရာဝန် အဆင့်အထိ တာဝန်ယူခဲ့ဖူးပါတယ်။ ယခု ကျေးလက်ကျန်းမာရေးဌာနနဲ့ ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါတယ်။ ကျွန်တော့်ကို Power Point သုံးခွင့်ပြုပါ။ ဒါ ချောက်မြို့၊ ငွေးပင်တိုက်နယ်ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေပါ။ ဒါ ငွေးပင်တိုက်နယ်နဲ့ ကျန်တဲ့ဆေးရုံတွေ အနီးဆုံး မိုင်တွေပါခင်ဗျား။ ဒါ ငွေးပင်တိုက်နယ် ဆေးရုံဖြစ်လာမယ်ဆိုရင် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်မယ့်ဧရိယာပါခင်ဗျား။ ဒါက တကယ်လို့ ဖြစ်လာမယ်ဆိုရင် မြေဝယ်ထားတဲ့ ဧရိယာပါ။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ငွေးပင်တိုက်နယ်ဟာဆိုလို့ရှိရင် နယ်မြေလုံခြုံရေးအတွက် ရဲစခန်းလည်း ရှိပါတယ်။ အထက်တန်းကျောင်း၊ စည်ပင်သာယာဈေးလည်း ရှိပါတယ်ခင်ဗျား။ ချောက်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တို့နှင့်လည်း ရှည်လျားသော နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိပြီးတော့ နယ်နိမိတ်(၃)ခုရဲ့ အလယ်ဗဟိုမှာ တည်ရှိတဲ့ တိုက်နယ်ကြီးတစ်ခု၊ ရွာကြီးတစ်ခုဖြစ်ပါတယ်ခင်ဗျား။ တိုက်နယ်ဆေးရုံတည်ဆောက်မယ်ဆိုရင် မြို့နယ်(၃)ခုကနေ ပြီးတော့ ကျေးရွာအုပ်စုဟာ(၂၁)အုပ်စု၊ ကျေးရွာပေါင်း(၁၀၀)၊ လူဦးရေ(၇၀၀၀၀)ကျော်ကို ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်မှာ ဖြစ်ပါတယ်။ တိုက်နယ်ဆေးရုံမြေနေရာအတွက်လည်း (၄.၁၆)ဧကကို ကျွန်တော်တို့ ဝယ်ထားပြီးဖြစ်ပါတယ်။ လိုအပ်မယ်ဆိုရင်လည်း တစ်ဆက်တစ်စပ်တည်း ဝယ်ဖို့ အဆင်သင့်ပါပဲ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ချောက်မြို့နယ်ဟာ ဒီနေ့ နွေရာသီ အပူချိန် (၄၇) ဒီဂရီအောက်ကနေ မဆင်းပါဘူး။ တစ်နိုင်ငံလုံး နေ့တိုင်းကျွန်တော်တို့က စံချိန်တင်ပါတယ်။ အခု မေလအတွင်းမှာဆိုရင်လည်း တစ်နေ့တည်းမှာကိုပဲ အပူချိန်ကြောင့် (၅)ဦးသေတဲ့ရက်က (၂)ရက် တောင်ရှိခဲ့ပါတယ်ခင်ဗျား။ ကျန်းမာရေးအတွက် အလွန်ထိလွယ် ရှလွယ်တဲ့ အခြေအနေပါ။ ဒါကြောင့် ကျွန်တော်ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်ခင်ဗျား။ တိုက်နယ်ဆေးရုံဖွင့်လှစ်ရန် ကျွန်တော်တို့ စံချိန်စံညွှန်းနဲ့လည်း ကိုက်ညီပါတယ်။ ဖွင့်လှစ်ရမည်ဆိုလျှင် ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း များ၊ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးလုပ်ငန်းများအပြင် ဆေးရုံကျန်းမာရေးစောင့်ရှောက်မှုပါ လုပ်ပေးနိုင်မှာဖြစ်တဲ့အတွက် ငွေးပင်တိုက်နယ်ဆေးရုံကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ဖွင့်လှစ်တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဝွေးပင်ကျေးလက်ကျန်းမာရေးဌာန တည်နေရာပြမြေပုံ (ခခ)




တိုက်နယ်ဆေးရုံမှ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည့် မြို့နယ်၊ ကျေးရွာအုပ်စုများနှင့် ကျေးရွာများ အခြေအနေပြပုံ (ခခ-၁)




တိုက်နယ်ဆေးရုံမှ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်မည့် မြို့နယ် ကျေးရွာအုပ်စုများနှင့် ကျေးရွာများ

| စဉ် | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာပေါင်း | အိမ်ခြေ | လူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ချောက် | ၁၀ | ၆၃ | ၈၂၆၉ | ၄၀၆၆၀ | မကွေးတိုင်းဒေသကြီး |
| ၂ | ရေနံချောင်း | ၄ | ၁၈ | ၃၅၀၉ | ၁၇၆၀၄ | မကွေးတိုင်းဒေသကြီး |
| ၃ | ကျောက်ပန်းတောင်း | ၇ | ၁၉ | ၃၆၃၆ | ၁၈၁၀၀ | မန္တလေးတိုင်းဒေသကြီး |
| | | ၂၁ | ၁၀၀ | ၁၅၄၁၄ | ၇၆၃၆၄ | |

တိုက်နယ်ဆေးရုံ ဖြစ်မြောက်ရေးအတွက် ဝယ်ယူထားသော မြေနေရာပြပုံ (ခခ-၂)



တိုက်နယ်ဆေးရုံဖြစ်မြောက်ရေးအတွက် ဝယ်ယူထားသော မြေနေရာ

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ မသန်စွမ်းသူများအား အခမဲ့ဖြစ်စေ၊ ကျခံနိုင်သော နှုန်းထားတစ်ခုနှင့်ဖြစ်စေ ကျန်းမာရေးစောင့်ရှောက်မှု စနစ်တစ်ခု ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ မသန်စွမ်းသူများအား အခမဲ့ဖြစ်စေ၊ ကျခံနိုင်သော နှုန်းထားတစ်ခုနှင့်ဖြစ်စေ ကျန်းမာရေးစောင့်ရှောက်မှု စနစ်တစ်ခု ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၇။**

**ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတွင် လူဦးရေသန်း(၅၀)ကျော်အနက် မသန်စွမ်းသူများ၏ လူဦးရေမှာ (၂.၃)သန်းကျော်၊ ရာခိုင်နှုန်းအားဖြင့် (၄.၆)ရာခိုင်နှုန်း ရှိပါကြောင်း ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း မှတ်တမ်းများအရ သိရှိရပါတယ်။ မသန်စွမ်းအမျိုးသမီးဦးရေမှာ မသန်စွမ်းအမျိုးသားဦးရေထက် ပိုမိုများပြားကြောင်း တွေ့ရှိရပါတယ်။ မသန်စွမ်းမှု အမျိုးအစား(၄)မျိုးရှိပြီး ၎င်းတို့မှာ အမြင်အာရုံချို့ယွင်းခြင်း၊ အကြားအာရုံချို့ယွင်းခြင်း၊ ကိုယ်အင်္ဂါ မသန်စွမ်းခြင်းများနှင့် အသိဉာဏ်မသန်စွမ်းခြင်းတို့ ဖြစ်ကြပါတယ်။ မသန်စွမ်းသူ အများဆုံးတွေ့ရှိရသော တိုင်းဒေသကြီးမှာ ဧရာဝတီတိုင်းဒေသကြီးဖြစ်ပြီး ဒုတိယအများဆုံးပြည်နယ်မှာ ချင်းပြည်နယ်၊ တတိယအများဆုံး ပြည်နယ်မှာ ကရင်ပြည်နယ်တို့ဖြစ်ကြောင်း သိရှိရပါတယ်။ အိမ်ထောင်စု(၁၅.၈)ရာခိုင်နှုန်းတိုင်းတွင် မသန်စွမ်းသူအနည်းဆုံး (၁)ယောက်ရှိပါတယ်။ မသန်စွမ်းသူများအနက် (၀.၄၃)ရာခိုင်နှုန်းသော မသန်စွမ်းသူတွေက မသန်စွမ်းမှု ပိုမိုပြင်းထန်နေကြောင်း သိရှိရပါတယ်။ (၄.၆)ရာခိုင်နှုန်းထဲမှာ တစ်ဝက်သော မသန်စွမ်းသူများသည် မသန်စွမ်းမှုတစ်ခုထက် ပိုမိုခံစားနေရပါတယ်။ မှတ်မိနိုင်စွမ်းနှင့် သွားလာလှုပ်ရှားမှု အခက်အခဲရှိသောသူများသည် မသန်စွမ်းမှုအခြေအနေ ပြင်းထန်မှုများရှိကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မသန်စွမ်းသူ အများစုမှာ မြို့ပြများထက် ကျေးလက်များတွင်သာ အခြေချနေထိုင်သူများပြီး လက်ရှိအချိန်တွင် မသန်စွမ်းသူများ၏ (၈၅)ရာခိုင်နှုန်းမှာ အလုပ်လက်မဲ့များ ဖြစ်နေကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၇ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော မသန်စွမ်းသူများ၏

နည်းဥပဒေများအရ မသန်စွမ်းမှုဖြစ်နိုင်သည့် အကြောင်းအရင်းများကို လေ့လာသုတေသနပြုခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်း၊ ကာကွယ်ဆေးများတိုက်ကျွေးခြင်း၊ ထိုးနှံခြင်း စသည့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စီမံကိန်းများချမှတ်၍ တိုးမြှင့်ဆောင်ရွက်ခြင်း၊ နိုင်ငံပိုင်ဆေးရုံနှင့် ဆေးခန်းများသို့ မသန်စွမ်းသူများ ကျန်းမာရေးဆေးကုသမှုခံယူရန် လာရောက်ပါက ဦးစားပေး၍ မသန်စွမ်းမှုအမျိုးအစားအလိုက် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးခြင်း၊ မသန်စွမ်းသူများအား ပြုစုစောင့်ရှောက်လျက်ရှိသော ဂေဟာများ၊ သင်တန်းကျောင်းများ၊ ဌာနများနှင့် စင်တာများကို ကျန်းမာရေးဆိုင်ရာကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးရမည်ဟု ပါရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မသန်စွမ်းသူများသည် ရုပ်ပိုင်း၊ စိတ်ပိုင်း၊ အသိဉာဏ်ပညာပိုင်းသို့မဟုတ် ခံစားမှုအာရုံပိုင်းဆိုင်ရာ ချို့ယွင်းအားနည်းချက်များကိုလည်း ရေရှည်ခံစားနေရကာ အဆိုပါချို့ယွင်းအားနည်းချက်များကြောင့် အခြားသူများနည်းတူ လူ့အသိုင်းအဝိုင်းတွင် အပြည့်အဝထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက်လည်း အမျိုးမျိုးသော အဟန့်အတားနှင့် ရင်ဆိုင်ခံစားနေရသူများ ဖြစ်ကြပါတယ်။ ယခုအခါ မြန်မာနိုင်ငံတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ကာ မှန်ကန်တိကျသော မသန်စွမ်းသူများဆိုင်ရာ စာရင်းဇယား အချက်အလက်များကိုလည်း ကောက်ယူပြုစုနေပြီ ဖြစ်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် မသန်စွမ်းသူ (၈၇)ရာခိုင်နှုန်းသည် ဆေးရုံ၊ ဆေးခန်းများသို့ ပုံမှန်ဆေးစစ်ခံယူရန် သွားရောက်မှုနည်းပါးပြီး (၅၀)ရာခိုင်နှုန်းခန့်သည် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများကိုသာ သွားရောက်ကုသနေရကြောင်း တွေ့ရှိရပါတယ်။ နယ်မြို့အချို့တွင်လည်း ကျန်းမာရေးဗဟုသုတနည်းပါးသည့်အတွက် ရောဂါများကို ကြိုတင်ကာကွယ်နိုင်မှုမရှိခြင်း၊ မသန်စွမ်းသူများသည် အလုပ်လက်မဲ့များ များပြားသည့်အတွက် ရောဂါများကို စနစ်တကျ ကုသခြင်း မရှိနိုင်ကြောင်း ကြုံတွေ့နေရပါတယ်။

သို့ဖြစ်ပါ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ မသန်စွမ်းသူများအား အခမဲ့ဖြစ်စေ၊ ကျခံနိုင်သော နှုန်းထားတစ်ခုနှင့်ဖြစ်စေ ကျန်းမာရေးစောင့်ရှောက်မှု စနစ်တစ်ခု ပြုလုပ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ ထန်းဇင်ကျေးရွာအုပ်စု၊ ထန်းပုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး က စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ ထန်းဇင်ကျေးရွာအုပ်စု၊ ထန်းပု

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၁။**

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆားလင်းကြီးမြို့နယ်၊ ထန်းပုကျေးရွာအတွက် ကျေးလက်ကျန်းမာရေးဆေးပေးခန်းဌာန(ခွဲ) ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာရှိကြတဲ့ ကျေးလက်နေပြည်သူများက ယနေ့အချိန်ထိ ကျန်းမာရေးချို့တဲ့မှု၊ ပညာရေးချို့တဲ့မှုနဲ့ စီးပွားရေးချို့တဲ့မှုတွေ စတဲ့ မပြည့်စုံတဲ့ ဘဝများနဲ့ ရင်ဆိုင်နေကြရပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ ထန်းဇင်ကျေးရွာအုပ်စုမှာရှိတဲ့ ထန်းပုကျေးရွာ၊ မယ်ဇလီကန်ကျေးရွာနဲ့ ဥသျှစ်ပြားကျေးရွာ၊ ဘင်းဂါးကျေးရွာတို့မှာ ဆင်းရဲသား တောသူတောင်သားများ နေထိုင်ကြတဲ့ ရွာများဖြစ်ကြပါတယ်။ ရွာအမည်သာကွဲပြီး တစ်ဆက်တည်းဖြစ်ကြလို့မို့ တစ်ရွာတည်းဖြစ်ပါတယ်။ လူဦးရေစုစုပေါင်း (၃၀၀၀)ကျော်ရှိပါတယ်။ ကျန်းမာရေးမပြည့်စုံကြလို့ အရွယ်မရောက်ခင် အိုမင်းရင့်ရော်နေကြပါတယ်။ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးသူငယ်များ များပြားပြီးတော့ ဆေးဝါးအကူအညီများ များစွာလိုအပ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point တင်ပြခွင့်ပြုဖို့ ခွင့်တောင်းခံအပ်ပါတယ်။ အဲဒီကျေးရွာလူထုက ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ကို အလိုရှိကြလွန်းလို့ ဆေးခန်းမြေနေရာနှင့် အဆောက်အအုံတွေကို ဝန်ထမ်းအိမ်ရာ၊ ဆေးခန်းသုံးပစ္စည်းများကို ကျေးရွာလူထုက စုပေါင်းပြီးတော့ အလှူရှင်တို့ရဲ့ အကူအညီနဲ့ ဆောက်လုပ်ပြီးလည်း ဖြစ်ပါတယ်။ အဲဒီဆေးခန်းကို ၁၂-၉-၂၀၁၃ ရက်နေ့က ဆောက်လုပ်ပြီးစီးခဲ့ပါတယ်။ ၂၂-၃-၂၀၁၄ ရက်နေ့မှာ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ကို လွှဲပြောင်းပေးအပ်ခဲ့ပြီးလည်းဖြစ်ပါတယ်။ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ရလိမ့်နိုးနိုးမျှော်လင့်ချက်နဲ့ ဆေးပဒေသာပင် အလှူငွေကျပ် သိန်း(၆၀)ကိုလည်းပဲ ဘဏ်မှာအပ်နှံထားပါတယ်။ ကျေးရွာလူထုက အထက်မှာ ကျွန်တော်ပြောခဲ့သလိုပဲ ဆေးဝါးကုသရန် အလိုအပ်ဆုံးဖြစ်တာကြောင့် တိုင်းဒေသကြီးအစိုးရမှ သားဖွားဆရာမ(၁)ဦး၊ ဝန်ထမ်း(၁)ဦးကို ယာယီခန့်အပ်ခဲ့ပြီးသော်လည်းပဲ ဆေးခန်း မလာတာကြာပြီဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ (၂)မိုင်ခန့်ဝေးတဲ့ ထန်းဇင်ကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ရှိပေမယ့် ရာသီဥတုအခြေအနေနဲ့ လမ်းပန်းဆက်သွယ်ရေးတို့အရ များစွာခက်ခဲပါတယ်။ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်များ၊ အရေးကြီး

လူနာများအတွက် များစွာခက်ခဲခြင်းဖြစ်ပါတယ်။ ဆားလင်းကြီးမြို့နယ်နှင့် (၆)မိုင်ခန့်ဝေးပါတယ်။ အရေးပေါ်လူနာများအတွက် များစွာခက်ခဲကြလို့ အသက်ဆုံးရှုံးကြတာတွေလည်း ရှိနေပါတယ်။ ဆောက်လုပ်ပြီးစီးတဲ့ စည်းကမ်းထဲမှာ အသုံးအဆောင်ပစ္စည်းများဖြစ်ကြတဲ့ ဗီရို အကြီးအသေး(၅)လုံး၊ စားပွဲအကြီးအသေး(၃)လုံး၊ ဆေးကောင်တာ(၁)လုံးနဲ့ ပေါင်ချိန်စက် (၁)ခု၊ မီးဖွားခုတင် (၁)လုံးနဲ့ အောက်ဆီဂျင်ဘူး(၄)ဘူး၊ တွဲထိုင်ခုံ(၃)စုံနဲ့ စတီးလ်ခုတင်(၂)လုံး၊ ရိုးရိုးခုတင်(၂)လုံးနဲ့ ရေခဲသေတ္တာ(၁)လုံး၊ Water cooler (၁)လုံးနဲ့ ရေအိုးစင်(၂)ခု၊ ထိုင်ခုံ(၁၅)လုံးနဲ့ ပန်ကာ(၇)လက်၊ လျှပ်စစ်ရေနွေးအိုး(၁)လုံး စတဲ့ပစ္စည်းများ အပြည့်အစုံရှိကြပါတယ်။ ခြံစည်းရိုးမှာလည်းပဲ အုတ်၊ သံပန်းများနဲ့ လေးဖက်လေးတန် ကာရံထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကိုယ်တိုင် အဲဒီကျေးရွာကို ကွင်းဆင်းကြည့်ရှုခဲ့ပါတယ်။ ကျွန်တော် အထက်က တင်ပြခဲ့သလိုပဲ အမှန်တကယ်အခက်အခဲများနဲ့ ကြုံတွေ့နေရတဲ့ ကျေးရွာဖြစ်လို့ ကျန်းမာရေးစောင့်ရှောက်မှု အထူးလိုအပ်တာကို တွေ့ရှိခဲ့ရပါတယ်။ ကျေးလက်နေပြည်သူများမှ ကျန်းမာရေးဝန်ကြီးရဲ့ ဆေးခန်းခွဲ ခွင့်ပြုချက်ကို ၂၀၁၃ ခုနှစ် ဆေးခန်း ဆောက်လုပ်ပြီးကတည်းက စောင့်မျှော်နေကြပါတယ်။ ဆေးခန်းအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာ၊ ဆေးခန်းသုံးပစ္စည်းများနှင့် ဆေးပဒေသာပင် ငွေတို့ကလည်းပဲ အဆင်သင့်ဖြစ်နေတာကြောင့် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ခွင့်ပြုချက်ရရှိဖို့ရာ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ် ထန်းပုကျေးရွာတွင် ကြိုတင်ဆောက်လုပ်ထားသော ဆေးခန်း၏ မြင်ကွင်းပုံ (၈၈)



စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ် ထန်းပုကျေးရွာတွင် ကြို့တင်ဆောက်လုပ်ထားသော ဆေးခန်း၏ မြင်ကွင်းပုံ (၈၈-၁)



စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ် ထန်းပုကျေးရွာတွင် ကြို့တင်ဆောက်လုပ်ထားသော ဆေးခန်း၏ မြင်ကွင်းပုံ (၈၈-၂)



**အသေးစား စိတ်ဝေဒနာများကို ကုသသည့် ဆေးဝါးတချို့နှင့် အလွန်ကိုက်ခဲနာကျင်သော ဝေဒနာများကို သက်သာစေသည့် ဆေးဝါးတချို့တို့သည် ထိန်းချုပ်ဆေးဝါးများ စာရင်းတွင် ပါဝင်နေပါသဖြင့် ဝယ်ယူရန် အလွန်ခက်ခဲပြီး ဝေဒနာရှင်များအား အလွယ်တကူ ကုသနိုင်စေရေးအတွက် မည်ကဲ့သို့ ဖြေလျှော့ပြောင်းလဲ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦးက အသေးစား စိတ်ဝေဒနာများကို ကုသသည့် ဆေးဝါးတချို့နှင့် အလွန်ကိုက်ခဲနာကျင်သော ဝေဒနာများကို သက်သာစေသည့် ဆေးဝါးတချို့တို့သည် ထိန်းချုပ်ဆေးဝါးများစာရင်းတွင် ပါဝင်နေ

ပါသဖြင့် ဝယ်ယူရန် အလွန်ခက်ခဲပြီး ဝေဒနာရှင်များအား အလွယ်တကူ ကုသနိုင်စေရေးအတွက် မည်ကဲ့သို့ ဖြေလျှော့ပြောင်းလဲ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၅။**

**ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်က ထိန်းချုပ်ဆေးဝါးများနဲ့ပတ်သက်တဲ့ ကိစ္စကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေး ဝန်ကြီးဌာနက ထုတ်ပြန်ထားသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ထိန်းချုပ်ရေးဆိုင်ရာ အမိန့်အမှတ်(၁/၂၀၀၃)အရ စိတ်မငြိမ်ခြင်း၊ စိတ်ပူပန်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ အိပ်မပျော်ခြင်း စသည့် အသေးစားစိတ်ဝေဒနာများကို ကုသတဲ့ Alprazolam နှင့် Diazepam ဆေးဝါးများဟာ သာမန်ထိန်းချုပ်ဆေးဝါးများစာရင်းတွင် ပါဝင်နေပြီး ကင်ဆာရောဂါများနှင့် အခြားထိခိုက်ကျိုးပဲ့ဒဏ်ရာများကြောင့် အလွန်ကိုက်ခဲနာကျင်သော ဝေဒနာများကို အလျင်အမြန် သက်သာစေတဲ့ Tramadal ဆေးဝါးဟာ အထူးထိန်းချုပ်ဆေးဝါး စာရင်းမှာ ပါဝင်နေပါတယ်။

အထက်ပါအမိန့်အမှတ်(၁/၂၀၀၃)ရဲ့ အပိုဒ် ၇(က)မှာ လူနာကုသရန်အတွက် အထူး ထိန်းချုပ်ဆေးဝါးများကို အထူးကုဆရာဝန် (Consultant) အဆင့်နှင့် အထက်ဆရာဝန်ကြီးများ၏ ဆေးညွှန်းစာဖြင့်လည်းကောင်း၊ ဆရာဝန်၏ဆေးညွှန်းစာအပေါ် ကျန်းမာရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ၎င်းက လွှဲအပ်တာဝန်ပေးထားသူ၏ ထပ်ဆင့်ထောက်ခံချက်ဖြင့် လည်းကောင်း ရောင်းချရမည်ဟု သတ်မှတ်ထားရာ အဆိုပါ Tramadal ဆေးအား လူနာများ အတွက် အရေးပေါ်အမြန်လိုအပ်လာပါက သတ်မှတ်ချက်တွေအတိုင်း ထောက်ခံစာအဆင့်ဆင့် တောင်းခံနေရသဖြင့် လက်တွေ့မဆန်ဘဲ အချိန်ကြန့်ကြာကာ အခက်အခဲများစွာ ဖြစ်ကြရပါတယ်။ အမိန့်အမှတ်(၁/၂၀၀၃)ရဲ့ အပိုဒ် ၂ မှာလည်း ဒီထိန်းချုပ်ဆေးဝါးတွေကို အောက်ပါ ဆေးရုံများရှိ ဆေးဆိုင်များတွင်သာ ရောင်းချခွင့်ရှိသည်ဆိုပြီး (က) ဗဟိုအဆင့်နှင့် သင်ကြားရေးဆေးရုံများ၊ (ခ) ပြည်နယ်နှင့် တိုင်းဒေသကြီးဆေးရုံများ၊ (ဂ) ခုတင် ၂၀၀ ဆံ့နှင့် အထက်ရှိဆေးရုံများ၊ (ဃ) ကျန်းမာရေးဝန်ကြီးဌာနက အထူးခွင့်ပြုသည့် အခြားဆေးရုံများဟု ဖော်ပြထားပါတယ်။ ဒီ သတ်မှတ်ချက်ပါ ဆေးရုံကြီးများမရှိတဲ့ နယ်ဘက်တွင်လည်း အလွန်အလှမ်းကွာဝေးတဲ့ဒေသများမှာ နေထိုင်သော ဝေဒနာရှင်လူနာများအတွက် ဒီဆေးဝါးများ လိုအပ်လာတဲ့အခါမှာ လွန်စွာအခက်အခဲများ ကြုံတွေ့နေကြရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ အမိန့်အမှတ်(၁/၂၀၀၃) ထုတ်တဲ့အချိန် ကတော့ ဒီဆေးဝါးတွေကို လူငယ်တွေက မူးယစ်ဆေးဝါးအနေနဲ့ သုံးစွဲခဲ့ကြတာ မှန်ပါတယ်။

သို့သော် ယနေ့အချိန်အခါမှာတော့ WY လို မူးယစ်ဆေးဝါးတွေကို လွယ်လွယ်ပေါပေါများများ ဝယ်ယူသုံးစွဲလို့ ရနေကြပြီမို့ အထက်ပါဆေးဝါးများကို မသုံးစွဲကြတော့ပါဘူး။ ဒါကြောင့် ဒီအမိန့်အမှတ်ဟာလည်း ခေတ်နဲ့မလျော်ညီတော့ပါဘူး။ အထူးတင်ပြလိုတာကတော့ ပြည်သူလူထုကြားမှာ ကျယ်ကျယ်ပြန့်ပြန့် ကျန်းမာရေးဝန်ဆောင်မှုပေးပြီး ဆေးကုနေကြတဲ့ အထွေထွေရောဂါကုဆရာဝန်များရဲ့ ပြင်ပဆေးခန်းငယ်ကလေးတွေမှာ မိမိတို့ရဲ့ ဝေဒနာရှင်လူနာများအပေါ် အရေးပေါ်လိုအပ်လာရင် အဆင်သင့်အသုံးပြု ကုသပေးနိုင်ရန်အတွက် အထက်ပါဆေးဝါးများကို ဝယ်ယူစုဆောင်း သိမ်းဆည်းထားတတ်ကြပါတယ်။ အဲဒီလိုအခါမှာ ဒီအမိန့်အမှတ်ကြောင့် ဥပဒေချိုးဖောက်ရာရောက်ပြီး အမှုရင်ဆိုင် ဖမ်းဆီးခံနေကြရပါတယ်။ ဒီနေရာမှာ လူသားမျိုးနွယ်ကို အလွန်အန္တရာယ်ပေးနေတဲ့ ဘိန်းဖြူ စိတ်ကြွဆေးပြား စတဲ့မူးယစ်ဆေးဝါးတွေကိုသာ လျော့နည်းပပျောက်သွားအောင် ကြိုးစားဖမ်းဆီးရမှာဖြစ်ပြီးတော့ ဝေဒနာရှင်ပြည်သူများကို ရောဂါသက်သာပျောက်ကင်းအောင် ကုသပေးနိုင်ဖို့အတွက် အဓိကရည်ရွယ်ပြီးတော့ ဒီဆေးဝါးလေးတွေ အရန်သင့်ဆောင်ထားတဲ့ အထွေထွေရောဂါကုဆရာဝန်များရဲ့ ဆေးခန်းတွေမှာလည်း ဝင်အရှာခံနေရတာ၊ ဖမ်းဆီးအရေးယူခံနေရတာကတော့ မဖြစ်သင့်ပါဘူး။

ဒါကြောင့် ဒီထိန်းချုပ်ဆေးဝါးတွေနဲ့ပတ်သက်ပြီး ပြင်ပဆရာဝန်များ ဆေးညွှန်းဆိုမှုလွယ်ကူစေရန် ဝန်ကြီးဌာနရဲ့ အမိန့်ကို ဖြေလျှော့ပြုပြင်ပြောင်းလဲပေးခြင်းဖြင့်ဖြစ်စေ၊ ထိုထိန်းချုပ်ဆေးဝါးများကို မြို့နယ်ပြည်သူ့ဆေးရုံလိုနေရာမျိုးတွင် အထွေထွေရောဂါကုဆရာဝန်၏ ထောက်ခံချက်ဖြင့်ဖြစ်စေ၊ အခြားသင့်တော်သော နည်းလမ်းများဖြင့်ဖြစ်စေ ဆောင်ရွက်ပေးသင့်ပါသဖြင့် ဝေဒနာရှင်ပြည်သူများရဲ့အကျိုးငှာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ကျန်းမာရေးဝန်ကြီးဌာန၏ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထိန်းချုပ်ရေးဆိုင်ရာ အမိန့်အမှတ် (၁/၂၀၀၃)အရ အသေးစား စိတ်ဝေဒနာများကို ကုသသည့် ဆေးဝါးအချို့နှင့် အလွန်ကိုက်ခဲနာကျင်သော ဝေဒနာများကို သက်သာစေသည့် ဆေးဝါးအချို့တို့သည် ထိန်းချုပ်ဆေးဝါးများစာရင်းတွင် ပါဝင်နေပါသဖြင့် ဝယ်ယူရန်အလွန်ခက်ခဲပြီး ဝေဒနာရှင်လူနာများအား အလွယ်တကူ ကုသပေးနိုင်စေရေးအတွက် မည်ကဲ့သို့ ဖြေလျှော့ပြောင်းလဲ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ငါဖိုင်ပီးကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း က ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ငါဖိုင်ပီးကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၉။**

**ဦးဘွဲခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲခိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ငါဖိုင်ပီးကျေးရွာဟာ ထန်တလန်မြို့နယ် တောင်ဘက်အစွန်ဆုံး မတူပီမြို့နယ်နဲ့ အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်စပ်တွင် တည်ရှိပြီး ထန်တလန်မြို့ ပြည်သူ့ဆေးရုံမှ (၇၈)မိုင်၊ နှာဟရိန်တိုက်နယ်ဆေးရုံမှ (၃၇)မိုင်၊ မှောင်တလန်း တိုက်နယ်ဆေးရုံမှ (၅၂)မိုင်၊ ဟားခါးမြို့တော် အထူးကုဆေးရုံမှ(၁၀၁)မိုင် အကွာတွင် တည်ရှိပါတယ်။ နွေရာသီမှာ ကားနှင့် ဆိုင်ကယ်အသုံးပြုနိုင်သော်လည်း မိုးရာသီမှာ ဆိုင်ကယ်တောင် အနိုင်နိုင်တွန်း၍သွားရပြီး ဒေသခံ ပြည်သူအများစုဟာ ခြေလျင်ခရီးဖြင့် သွားလေ့ရှိကြတဲ့အတွက် သွားလာရေး အင်မတန် ခက်ခဲဆုံးသောဒေသ ဖြစ်ပါတယ်။

ငါဖိုင်ပီး ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးပါက လွှမ်းခြုံနိုင်သောကျေးရွာပေါင်း(၁၁)ရွာ၊ လူဦးရေပေါင်း(၄၆၁၄)ဦးရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲ(၄)ခုရှိပြီး အခြေခံပညာအထက်တန်းကျောင်း(၁)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)(၁)ကျောင်း၊ အခြေခံအလယ်တန်းကျောင်း(၃)ကျောင်း၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း (၅)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(၁)ကျောင်းနဲ့ ကျောင်းသူ၊ ကျောင်းသားပေါင်း (၁၀၀၀)ကျော်၏ ကျန်းမာရေးစောင့်ရှောက်မှုကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဟားခါး အထူးကုဆေးရုံ၊ ထန်တလန်မြို့ ပြည်သူ့ဆေးရုံ၊ နှာဟရိန် တိုက်နယ်ဆေးရုံနှင့် အလှမ်းဝေးကွာလွန်းတဲ့အတွက် လမ်းပန်းဆက်သွယ်ရေး အင်မတန်ခက်ခဲမှုကြောင့် အရေးပေါ်လူနာများ အထက်အဆင့်သို့ လွှဲပြောင်းရာတွင် အခက်အခဲရှိတဲ့အတွက် တချို့လွှဲပြောင်းလူနာများကို မီဇိုရမ်ပြည်နယ်၊ ဆိုင်ဟာမြို့ ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းကုသမှုခံယူရပါတယ်။

ဤဒေသဟာ ဝေးလံခေါင်သီပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ၎င်းဒေသရှိ ဆင်းရဲသော တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးကို ရှေးရှုလျက် ငါဖိုင်ပီး ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်သင့်ကြောင်း ထန်တလန်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးမှ ထန်တလန်တစ်မြို့နယ်လုံးတွင် ပထမဦးစားပေးအဆင့် တိုးမြှင့်သင့်သောကျေးရွာအဖြစ် သတ်မှတ်သောကျေးရွာလည်းဖြစ်ပါတယ်။

ဒါကြောင့် မြေပြင်ပကတိလိုအပ်ချက်အရ ငါဖိုင်ပီး ကျန်းမာရေးဌာနအား တိုးမြှင့်ပေးရန် မရှိမဖြစ် လိုအပ်နေတဲ့အတွက် ငါဖိုင်ပီး ကျန်းမာရေးဌာအား တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၄၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၄၃။**

**ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် ရဲ့ မေးခွန်းဖြစ်တဲ့ ပလက်ဝမြို့နယ်၊ အပ်စကျေးရွာအုပ်စု၊ ဟုန်းကျေးရွာ၊ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်မယ့်ကိစ္စကို ဖြေကြားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ဒီမှာ ပြန်ကြည့်လိုက်တဲ့အခါမှာ ပလက်ဝမြို့နယ်မှာ ရွာပေါင်း(၃၈၀)ရွာ၊ အိမ်ခြေပေါင်း (၂၀၃၆၉)အိမ်၊ လူဦးရေ (၁၀၅၀၀၀)ဦးကျော်ရှိပါတယ်။ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့ကတော့ တိုက်နယ်ကျန်းမာရေးဌာန(၂)ခု၊ ကျေးလက်ကျန်းမာရေးဌာန(၁၀)ခု၊ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)(၃၉)ခု၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန(၁)ခု ရှိပါတယ်။ ပြည်သူ့ကျန်းမာရေးအတွက် ဝန်ထမ်းများကတော့ ကျန်းမာရေးမှူး(၄)ဦး၊ မြို့နယ်ကျန်းမာရေး သူနာပြု (၁)ဦး၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၁)(၂)ဦး၊ အမျိုးသမီးကျန်းမာရေးဆရာမ(၈)ဦး၊ သားဖွားဆရာမ (၅၃)ဦး၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)(၃၉)ဦးနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့ ပြန်လည်လေ့လာတဲ့အခါမှာ ဟုန်းကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးက မှူးတနုံးကျေးလက်ကျန်းမာရေးဌာနအောက်မှာရှိတဲ့ ဌာနခွဲတစ်ခုဖြစ်ပါတယ်။ ကျွန်တော် ပြန်ကြည့်တဲ့အခါမှာ မှန်ပါတယ်။ တော်တော်ဝေးနေတာ တွေ့ရပါတယ်။ သူ့အထက်မှာရှိတဲ့ မှူးတနုံးကျေးလက်ကျန်းမာရေးဌာနနဲ့ မိုင်(၅၀)လောက်ဝေးနေပါတယ်။ အမှန်ကတော့ အဲဒီလောက် မဝေးသင့်ပါဘူး။ ခြေလျင်၊ စက်လှေတို့နဲ့ (၂)ရက်လောက်သွားရပါတယ်။ အလားတူပဲ ပလက်ဝမြို့နဲ့ဆိုရင်တော့ မိုင်(၁၄၀)လောက် ဝေးပြီးတော့ ကား၊ ဆိုင်ကယ်၊ စက်လှေနဲ့ဆိုရင် (၅)ရက်လောက်ကြာတာ တွေ့ရတယ်။ ဆမီးတိုက်နယ်ဆေးရုံနဲ့လည်း (၁၉၂)မိုင်လောက်ဝေးပြီးတော့ ကား၊ ဆိုင်ကယ်၊ စက်လှေနဲ့ (၆)ရက်ကြာ သွားရတယ်လို့ သိရှိရပါတယ်။

အဲဒီတော့ ဒီကျေးလက်ကျန်းမာရေးဌာန(ခွဲ)မှာ ကျေးရွာပေါင်းက(၁၃)ရွာ၊ အိမ်ခြေ(၃၃၀)အိမ် လူဦးရေ(၂၀၁၄)ဦးရှိပါတယ်။ လွှမ်းခြုံပေးတဲ့ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)(၁)ခု ရှိပါတယ်။ ခွင့်ပြု ပေးမယ်ဆိုရင်တော့ အနီးအနားမှာရှိတဲ့ ကျေးရွာ(၁၉)ရွာ၊ အိမ်ခြေ(၅၀၄)အိမ်၊ လူဦးရေ(၂၇၅၅)ဦးကို လွှမ်းခြုံမိမှာဖြစ်ပါတယ်။ အခု ကျွန်တော်တို့ လိုအပ်ချက် (၆)ချက်ရှိပါတယ်။ လိုအပ်ချက်(၆)ချက်မှာ (၄)ချက်ပြည့်တယ်။ ချင်းပြည်နယ်ကလည်း ခက်ခဲတဲ့ဒေသဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဒါကိုပေးဖို့ရည်ရွယ်ပါတယ်။ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးကိုလည်း မေးတဲ့အခါမှာ သူ့အနေနဲ့လည်း ထောက်ခံတယ်။ သို့သော် ဒီနေရာမှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ လမ်းညွှန်ချက်တစ်ခု ရှိပါတယ်။ ဝန်ထမ်းများဖွဲ့စည်းပုံ တိုးချဲ့ပြင်ဆင်ခြင်း၊ အသစ်ခန့်အပ်ခြင်းနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန် အတွက် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု အစီရင်ခံစာအပေါ် အခြေခံသော အမိန့်ကြော်ငြာစာ ထွက်ပြီးမှသာလျှင် သတ်မှတ်ချက်များနှင့် စိစစ်တင်ပြဖို့ ပြောထားတယ်။ ဒါကိုတော့ ကျွန်တော်တို့ စောင့်ဖို့လိုပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အမိန့်ကိုစောင့်တဲ့အချိန်မှာ ကျွန်တော် အားလုံး အဆင်သင့် လုပ်ထားပါမယ်။ အမိန့်ထွက်တာနဲ့ ဖွဲ့စည်းပုံတင်တာတို့၊ ဘတ်ဂျက်ကိစ္စ အကုန်လုံး စတင်လုပ်မှာဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်ဝင်း ရဲ့ မေးခွန်းဖြစ်တဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း က မကွေးတိုင်းဒေသကြီး၊ ငွေးပင်တိုက်နယ်၊ ငွေးပင်ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တိုးမြှင့်ရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်လို့ ဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ငွေးပင်ကျေးလက်ကျန်းမာရေးဌာနအောက်မှာတော့ ကျေးလက် ကျန်းမာရေးဌာန(ခွဲ) (၅)ခုရှိပါတယ်။ ကျေးရွာပေါင်း (၃၀)ရွာ၊ အိမ်ခြေ (၄၃၈၀)အိမ်၊ လူဦးရေ (၂၁၀၀၀)ဦးကျော် ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ပြန်ပြီးတော့ လေ့လာတဲ့အခါမှာ လူနာတွေ လာတာကတော့ အကုန်လုံးကျနေတာ တွေ့ရပါတယ်။ အထွေထွေဆေးခန်းကလာတဲ့ လူနာ၊

အထက်သို့လွှဲတဲ့ လူနာကတော့ ၂၀၁၈ ခုနှစ်မှာပဲ နည်းနည်းများပါတယ်။ ကျန်တဲ့နှစ်တွေမှာတော့ (၁၆)ဦး၊ (၁၅)ဦး၊ (၂၀)ဦး ပတ်ဝန်းကျင်ပဲ ရှိပါတယ်။

သို့သော်လည်း ဒီမှာ ပြန်ကြည့်တဲ့အခါမှာ ငွေးပင်ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ဟာ သူ့အနီးအနားမှာရှိတဲ့ လင်းတတိုင်းတိုက်နယ်ဆေးရုံနဲ့ (၁၂)မိုင်ဝေးပါတယ်။ ဆူးတောတိုက်နယ်ဆေးရုံနဲ့(၁၆)မိုင်ဝေးပါတယ်။ ချောက်မြို့နယ်ဆေးရုံနဲ့လည်း (၂၇)မိုင်ဝေးပါတယ်။ ကျောက်ပန်းတောင်းမြို့နယ်ဆေးရုံနဲ့လည်း (၁၈)မိုင်ဝေးတယ်။ ရေနံချောင်းမြို့နယ်ဆေးရုံနဲ့ (၁၇)မိုင်ဝေးတယ်။ ကားလမ်းတွေကလည်း အလွန်ကောင်းပါတယ်။ နောက် မကွေး – မန္တလေး ကားလမ်းပေါ်မှာလည်း အကုန်ရှိပါတယ်။ ဒီမှာ ကျွန်တော်တို့ ဗဟိုက သုံးသပ်တဲ့အခါမှာ ဒါ ပေးသင့်တဲ့ကိစ္စရပ်မဟုတ်ပါဘူး။ သို့သော်လည်း တိုင်းဦးစီးမှူးကတော့ ပေးသင့်တယ်လို့ ပြောတယ်။ သို့သော် တိုင်းဦးစီးမှူး ပေးသင့်တဲ့စာကို ပြန်လည်လေ့လာသုံးသပ်တဲ့အခါမှာ သူက ရှိသမျှရွာတွေ အကုန်လုံး၊ ဘေးက ရွာတွေအကုန်ထည့်ထားပါတယ်။ လူဦးရေကလည်း အခြားတိုက်နယ်ဆေးရုံက လွှမ်းခြုံတဲ့လူဦးရေလည်း အကုန်ပါနေတဲ့အတွက် (၄၀၀၀၀)ဦးကျော်ရှိတယ်။ ဒီကိစ္စကို ကျွန်တော် တစ်ဖြတ်တည်း ဒီမှာ ဆုံးဖြတ်လို့မရပါဘူး။

အဲဒါကြောင့် ကျွန်တော် နောက်အပတ်မှာ ဗဟိုကနေပြီးတော့ ညွှန်ကြားရေးမှူးတစ်ဦးပါဝင်တဲ့အဖွဲ့နဲ့ သွားပြီးတော့ အသေးစိတ် လေ့လာသုံးသပ်ပြီးမှ တိုက်နယ်ဆေးရုံအဆင့်ကို တိုးမြှင့်မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ တစ်ချက်ပြောချင်တာက တိုက်နယ်ဆေးရုံအဆင့် တိုးမြှင့်သော်လည်း ကျွန်တော်တို့မှာ တိုက်နယ်ဆေးရုံပေါင်း (၇၄၅)ရုံအနက် တိုက်နယ်ဆေးရုံ(၂၂၀)မှာ ဆရာဝန် မရှိပါဘူး။ Relieving လွှတ်ပေးရပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဆေးရုံကြီးကနေ (၃)လကို တစ်ယောက် အဲဒီလို လွှတ်ပေးရပါတယ်။ ဒီမှာ အကယ်၍ ဖွင့်ခွင့်ရရင်တောင်မှ ကျွန်တော်တို့က ပုံမှန်ဆရာဝန်တော့ ပေးဖို့ အခြေအနေမရှိပါဘူး။ ဖွင့်မယ်/မဖွင့်ဘူးကို ကျွန်တော် ဒီနေရာမှာ ပြောလို့မရပါဘူး။ ကျွန်တော့် အဖွဲ့က သေချာစွာ အသေးစိတ်လေ့လာမယ်။

ထို့အပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ် (၁၄) ခုစလုံးကို ကျွန်တော် Holistic Review ပြီးတော့ ခြုံငုံသုံးသပ်ဖို့ ပြောထားတဲ့အတွက် သူက အကုန်လုံး ကျွန်တော်တို့ကို တင်ပြခဲ့ပြီးပြီ။ အဲဒီ ခြုံငုံသုံးသပ်တဲ့အထဲမှာ ငွေးပင်တိုက်နယ်ဆေးရုံဟာလည်း မကွေးတိုင်းဒေသကြီးထဲ ပါ ပါတယ်။ အဲဒီထဲမှာ သေသေချာချာ သုံးသပ်ပြီးမှ ဖွင့်သင့်မှဖွင့်ပါမယ်။ ကျွန်တော်တို့က မလိုဘဲနဲ့တော့ မဖွင့်ချင်ပါဘူး။ အခု ကျွန်တော်တို့မှာ ဆရာဝန်ကလည်း အလျှံပယ်ရှိတယ်။ ဘတ်ဂျက်ကလည်း အလျှံပယ်ရှိတယ်ဆိုရင်တော့ အချိန်မရွေး တစ်ပြည်လုံးမှာရှိတဲ့ တိုက်နယ်ဆေးရုံတွေကို အကုန်ပေးလို့ရပါတယ်။ ကျွန်တော်လည်း ပြည်သူဖက်က ကြည့်ပါတယ်။ သို့သော် ကျွန်တော်တို့မှာရှိတဲ့ ဝန်ထမ်းအင်အား၊ အစိုးရကချပေးတဲ့ ဘတ်ဂျက်အခြေအနေကို အကုန်သုံးသပ်ပြီးမှ ဖွင့်သင့်/မဖွင့်သင့်ဆိုတာ ဆုံးဖြတ်ခြင်း ဖြစ်ပါတယ်။ ဒီအဖွဲ့ပြန်လာမယ်ဆိုရင်တော့ ကျွန်တော် အဖြေသိ

ပါမယ်။ အဖြေသိလို့ရှိရင် လွှတ်တော်ကိုလည်း Officially စာနဲ့ပို့ပါမယ်။ မေးခွန်းမေးတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း ကိုလည်း စာ သို့မဟုတ် တယ်လီဖုန်းနဲ့ အကြောင်းပြန်မယ်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ်ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ဒေါက်တာဇော်လင်းထွဋ် အနေနဲ့က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ မသန်စွမ်းသူများအား အခမဲ့ဖြစ်စေ၊ ကျခံနိုင်သော နှုန်းထားတစ်ခုဖြင့်ဖြစ်စေ ကျန်းမာရေးစနစ်တစ်ခု ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုပြီး မေးထားပါတယ်။ မေးခွန်း မေးတဲ့အတွက်လည်းကျေးဇူးတင်ပါတယ်။

သို့သော်လည်း ကျွန်တော့်အနေနဲ့ ဒီမှာတစ်ခုတင်ပြချင်တာက အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ မေးထားတာက ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ခုလို့ မေးထားပါတယ်။ အဲဒီတော့ ဒီနေရာမှာ မည်သည့်လူအုပ်စု တစ်စုကိုဖြစ်စေ၊ နိုင်ငံရဲ့ မည်သည့်အပိုင်းဧရိယာကိုဖြစ်စေ ကျွန်တော်တို့အနေနဲ့က အထူးဂရုစိုက်၍ ကျန်းမာရေးကိစ္စများကို ဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး မေးထားတဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ခုဆိုတာတော့ လုံးဝမဖြစ်နိုင်ပါဘူး။ ဘာကြောင့်မဖြစ်နိုင်သလဲဆိုရင် စနစ်တစ်ခုကို ထူထောင်ဖို့ဆိုရင် ငွေကြေး ကျွန်တော်တို့မှာ ဘယ်လောက်ရှိသလဲ။ လူ့စွမ်းအားအရင်းအမြစ် ဘယ်လောက်ရှိသလဲ။ ပစ္စည်းကိရိယာ Infrastructure ဘယ်လောက်ရှိသလဲ။ ဒါ့အပြင် များစွာသော Epidemiological Situation အခြေအနေအရပ်ရပ်ကို စဉ်းစားသုံးသပ်ပြီးမှ ဆောင်ရွက်နိုင်တဲ့ကိစ္စဖြစ်တဲ့အတွက် လောလောဆယ် စနစ်တစ်ခုကတော့ မဖြစ်နိုင်သေးပါဘူး။ အချိန်အခါ အခြေအနေအရ ပေးလို့ရှိရင်တော့ ချက်ချင်း ဆောင်ရွက်နိုင်ရန် ဦးစားပေးအနေနဲ့ စဉ်းစားပေးမှာဖြစ်ပါတယ်။

ပြည်သူ့ကျန်းမာရေးစနစ်ရဲ့ အခြေခံနိယာမများအရ စနစ်တစ်ခုကို ထူထောင်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံမှာ ကျန်းမာရေးနဲ့ပတ်သက်ပြီး ဘာစနစ်ရှိသလဲ။ ဒီစနစ်တွေနဲ့ သဟဇာတဖြစ်ရဲ့လား။ In Direct Alignment ရှိလား။ မရှိဘူးလား။ ဒီစနစ် ထူထောင်မယ်ဆိုရင် ရေရှည်မှာအကျိုးသက်ရောက်မှုရှိမလား။ Long Term Benefit ဘယ်လောက်ရှိလဲ။ ဒီစနစ်မှာ ရေရှည်တည်တံ့ခိုင်မြဲမလား။ Sustainable ရှိလား၊ မရှိဘူးလားဆိုတာ အရင်းအနှီးစိုက်ထုတ်မှုနဲ့အကျိုးသက်ရောက်မှု Cost Benefit ရှိလား၊ မရှိဘူးလား။ ဒါတွေကို ကြည့်ပြီးမှ စနစ်တစ်ခုကိုကျွန်တော်တို့က ဆုံးဖြတ်ရပါတယ်။ ကျွန်တော့်အနေနဲ့ စနစ်တစ်ခုကိုသွားပြီးတော့ အာမခံပေးလိုက်ရင်၊ ကတိကဝတ် ဖြစ်သွားရင်၊ ကျွန်တော်တို့ မဆောင်ရွက်နိုင်ရင် ကျွန်တော်တို့ပဲ ပြဿနာရှိပါတယ်။ ဒီနေရာမှာ ကျွန်တော် တစ်ခုတင်ပြချင်တာက Rehabilitation ပေါ့။ မသန်စွမ်းသူများ

ကိစ္စနဲ့ပတ်သက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က လောလောဆယ်မှာ အရမ်းဦးစားပေးနေပါတယ်။ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လမှာ ဒုတိယအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ မသန်စွမ်းသူများအရေးကိစ္စ (Second Global Rehabilitation Meeting) ရှိပါတယ်။ ကျွန်တော့်ရဲ့ သက်ဆိုင်ရာ ဆရာဝန်လည်း တက်ဖို့ပြောထားပါတယ်။ အရမ်းကို ကျွန်တော်တို့ လုပ်နေပါတယ်။

အဲဒါကြောင့် ခုနကပြောတဲ့ အချက်တွေကို ကြည့်ပြီးမှသာလျှင် ကျွန်တော်က ဆုံးဖြတ်ရပါတယ်။ ကျွန်တော်တို့ အရမ်းလိုလားနေပါတယ်။ တစ်တိုင်းပြည်လုံး လိုလားနေတဲ့ ကျန်းမာရေးအာမခံစနစ် ပေါ်ပေါက်ဖို့လည်း ကျွန်တော် ကြိုးစားနေပါတယ်။ ကျန်းမာရေးအာမခံစနစ်ဆိုတာ တော်တော်လည်း လက်ဝင်ပါတယ်။ ခက်ပါတယ်။ သို့သော်လည်း ဒါကိုတော့ မရှိလို့ မရပါဘူး။ ရှိအောင် ကျွန်တော်တို့ ကြိုးစားမယ်။ ကျွန်တော်က အကုန်လုံးကို အလကား ပေးနေရတယ်။ ရှိသမျှ ဆေးပစ္စည်း၊ ဓာတ်မှန်၊ ဓာတ်ခွဲစမ်းသပ်မှု အလကားပေးတာ။ ကျွန်တော်တို့လို နိုင်ငံမှာ ဒီဟာ မတတ်နိုင်ပါဘူး။ ရေရှည်မှာ မတတ်နိုင်တဲ့အတွက် ကျန်းမာရေးစနစ် တစ်ခုတည်း ပေါ်ပေါက်အောင်ကြိုးစားတယ်။ မကြာခင်မှာ South Korea ကနေပြီးတော့ HIRA (Health Insurance Review and Assessment Service) အဖွဲ့လာမယ်။ ကျွန်တော်တို့ အသေးစိတ် ဆွေးနွေးပါမယ်။ ဘယ်လိုလုပ်ရင် ကောင်းမလဲ။ အဆင့်လိုက်၊ အဆင့်လိုက်၊ Phase Wise, Step Wise နဲ့ ကျွန်တော်တို့ သွားဖို့ရှိပါတယ်။ မရှိလို့ မဖြစ်ပါဘူး။ ဒီအတိုင်း အလကားပဲ ပေးနေ၊ လူဦးရေကလည်း များလာ၊ ရောဂါကလည်း အဖြစ်များလာရင် ကျွန်တော်တို့ ကျန်းမာရေးဘတ်ဂျက်ကလည်း လူဦးရေများလာရင် ရောဂါများစွာကိုမတတ်နိုင်ပါဘူး။ မတတ်နိုင်ရင် ပြဿနာရှိတဲ့အတွက် ဒါကိုစဉ်းစားရမှာ ဖြစ်ပါတယ်။

နောက်တစ်ခုက ပြည်သူ့ဆေးရုံတွေမှာ ဆိုလို့ရှိရင်လည်း ကျန်းမာရေးစောင့်ရှောက်မှုပေးတဲ့နေရာမှာ နှစ်စဉ်ရတဲ့ ဘတ်ဂျက်ပေါ်မူတည်ပြီး ဆေးဝါး၊ ဆေးပစ္စည်းတွေကို ပြည်သူအများကို အခမဲ့ ပေးလျက်ရှိပါတယ်။ ဆေးရုံအများစုမှာဆိုလို့ရှိရင်တော့ အရေးပေါ်ဆေးတွေကို တတ်နိုင်သမျှ အခမဲ့ပေးပါတယ်။ ဒီနှစ်မှာတော့ ဘတ်ဂျက် သေသေချာချာ သိပ်သိပ်သည်းသည်း စစ်ဆေးတဲ့ အတွက် ဆေးတွေဝယ်ဖို့၊ ဆေးပစ္စည်းဝယ်ဖို့ ပိုက်ဆံနည်းနည်း ပိုထွက်လာပါတယ်။ လက်ထဲမှာလည်း ရှိနေပါတယ်။ ကျန်တာတွေကတော့ မှာပြီးပါပြီ။ ဒီအထဲက မှာပြီးလို့ ကျန်တဲ့ ပိုက်ဆံတွေကိုလည်း ကျွန်တော်တို့ တတ်နိုင်သမျှ ဆေးတွေကို ဦးစားပေးပြီး ဝယ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်က တစ်ချက်တင်ပြချင်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အလွန် ဈေးကြီးတဲ့ ဆေးတွေကို အမေရိကန်နိုင်ငံက Direct Reliet ဆိုတဲ့အဖွဲ့နဲ့ အဆက်အသွယ်ရပါတယ်။ ပြီးခဲ့တဲ့ (၄)လလောက်က။ ကွာလာလမ်ပူသွားတဲ့အခါမှာ သူတို့က ကျွန်တော့်ကို အလွန်ဈေးကြီးတဲ့ ပစ္စည်းတွေ အလကား ပေးပါတယ်။ ကင်ဆာအတွက် ဆေးတွေဆိုရင် တစ်လုံးကို ကျပ်(၈၀၀၀၀)လောက်ဟာတွေ အများကြီး။ အလုံး အရေအတွက် ၄၀၀၀၊ ၅၀၀၀၊ ၆၀၀၀

လောက်ရပါတယ်။ ဆက်တိုက်ရနေပါတယ်။ ကျွန်တော် ဆေးတွေကိုလည်း ဒီအဖွဲ့တွေကနေ အများကြီးရအောင် ဆက်လက်ပြီး ကြိုးစားမှာဖြစ်ပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ဆေးရုံကို လာရောက်ကုသခံတဲ့ မသန်စွမ်း လူနာတွေကိုတော့ ဦးစားပေးပါတယ်။ ဒီဦးစားပေးတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ၃-၁၂-၂၀၁၆ ရက်နေ့မှာ ကျွန်တော်ကိုယ်တိုင် လက်မှတ်ထိုးပြီးတော့ ဗဟိုအဆင့်ဆေးရုံကြီးများ၊ ဆေးရုံအုပ်ကြီးများအားလုံး၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဒေသမှာရှိတဲ့ ပြည်နယ်ကုသရေးဦးစီးဌာနမှူးများ အားလုံးကို မသန်စွမ်း သူများနဲ့ အငြိမ်းစားဝန်ထမ်းများအား ဦးစားပေးဆောင်ရွက်ပေးရန် အကြောင်းကြားပါတယ်။ (က) ဆေးရုံများသို့ လာရောက်ကုသမှုခံယူကြသည့် လူနာများမှ မသန်စွမ်းလူနာများနှင့် ပင်စင်စားများ အား ဦးစားပေး၍ လိုအပ်သည်များ စီစဉ်ဆောင်ရွက်ရန်၊ ဥပမာ ပြင်ပလူနာဌာနတွင် ပြသရာ၌ လည်းကောင်း၊ ဆေးကုသမှုခံယူရာ၌လည်းကောင်း၊ ပြန်လည်ပြသရာ၌ follow up day မှာ လည်းကောင်း အခြားလူနာများနှင့်အတူ တန်းစီစောင့်ဆိုင်းခြင်း မရှိအောင် ဦးစားပေးရန် အဲဒီလို အမိန့်ထုတ်ထားပါတယ်။

(ခ) မသန်စွမ်းလူနာများအတွက် ပြင်ပလူနာ၊ အတွင်းလူနာအဖြစ် ကုသမှုခံယူရာတွင်၊ ဝင်ထွက်သွားလာရာတွင်၊ သန့်စင်ခန်းများ အသုံးပြုရာတွင် လွယ်ကူစေရေးအတွက် (Disability Friendlly) လိုအပ်သလို စီစဉ်ရန်၊ ဥပမာ ပြင်ပလူနာဌာနနှင့် အဆောင်များကိုသွားရာ၌ Wheel Chair ဖြင့် အတက်/အဆင်း လွယ်ရန် လျှောက်လမ်းတွေ ပြုလုပ်ထားတဲ့ကိစ္စ၊ နောက် Wheel Chair တွေလည်း အများကြီး ပေးထားပါတယ်။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလကတည်းက Order ထုတ်ထားပါတယ်။ ထို့အပြင် ၂၀၁၇ ခုနှစ်မှာလည်း (၂)ခါထပ်ပြီး ကျွန်တော်တို့ အမြဲတမ်းအတွင်းဝန်နဲ့ ဒုတိယ ညွှန်ကြားရေးမှူးချုပ် (ကုသရေး) ကနေပြီးတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်အကုန်လုံးကို ကျွန်တော် Order တွေ ထုတ်ထားပါတယ်။ အခု အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြောကြားလိုတာ ကတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးပြောတာကို ကျွန်တော်တို့ သေချာလုပ်နေ ပါတယ်။ ကျွန်တော့်အနေနဲ့ ဘာကြောင့်သေချာလုပ်သလဲဆိုလို့ရှိရင် ကျွန်တော်က သူတို့ဖက်က စဉ်းစားတယ်။ ကျွန်တော်သာလျှင် မသန်စွမ်းသူတစ်ယောက်ဖြစ်နေလျှင် ဘယ်လိုလုပ်မလဲ။

ကျွန်တော် ဝန်ကြီး စဖြစ်တဲ့အချိန်မှာ ပထမဆုံးသွားတဲ့ ဆေးရုံ(၂)ရုံသည် မန္တလေးတိုင်း ဒေသကြီးက စိတ်ရောဂါ အထူးကုဆေးရုံနှင့် ရန်ကုန်တိုင်းဒေသကြီးက စိတ်ရောဂါအထူးကုဆေးရုံ၊ ကျွန်တော် ဘာကြောင့် သွားသလဲဆိုတော့ ကျွန်တော်သာ Mentally Handicapped. Mentally စိတ်ရောဂါခံစားနေရတဲ့ လူနာတစ်ယောက်ဖြစ်ရင် ကျွန်တော့်အနေနဲ့ ဘာမှမတောင်းဆိုနိုင်ဘူး။ ဘာမှလည်း မလုပ်နိုင်ဘူး။ အဲဒီတော့ ဒီဆေးရုံ (၂)ရုံကို ကျွန်တော် အရင်ဆုံး သွားတာ။ ပြီးခဲ့တဲ့ လကလည်း ကျွန်တော် မန္တလေး ရောက်ပါတယ်။ မကြာခင်မှာ ရန်ကုန်သွားဦးမှာပါ။ မန္တလေးမှာ သွားတော့ မန္တလေးစိတ်ရောဂါကုဆေးရုံကြီးဟာ လုပ်ငန်းပိုင်းမှာ တော်တော်ကို ကျေနပ်စရာ

ကောင်းပါတယ်။ ရန်ကုန်ကို ဒီအပတ်မှာ ကျွန်တော် သွားဖို့ရှိပါတယ်။ ကျွန်တော်က များသောအားဖြင့် သွားရင် အကြောင်းမကြားဘဲ သွားပါတယ်။ ဒီတစ်ခါတော့ ကျွန်တော် ပြောလိုက်တဲ့အတွက် မတတ်နိုင်တော့ဘူး။ သွားတော့ သွားကြည့်ပြီး လိုအပ်တာ ကျွန်တော် လုပ်ပေးပါမယ်။

ကျွန်တော် ဒီမှာ နည်းနည်းခွင့်ပြုပါ။ ဒါ အရမ်းလည်း အရေးကြီးပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဒီမေးခွန်းမေးတဲ့အတွက် ကျေးဇူးလည်း အများကြီးတင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီ ပြည်သူ့ဆေးရုံတွေမှာ ခွဲစိတ်ခွဲစမ်းသပ်မှုအမျိုးအစား Type(A), Type(B), Type(C) ရှိပါတယ်။ Type(A) အမျိုးအစား ရှိတဲ့ခွဲစိတ်ခွဲစမ်းသပ်မှုဆိုရင် (၃၁)မျိုး အလကားခွဲစိတ်ခွဲစမ်းသပ်ပေးပါတယ်။ Type(B) ရှိတဲ့အခါ (၂၆)မျိုး အလကား လုပ်ပေးပါတယ်။ Type(C)မှာ (၁၈)မျိုး လုပ်ပါတယ်။ ခွဲစိတ်ခွဲစမ်းသပ်မှုများကို ကျွန်တော်တို့ အလကားလုပ်ပေးတာ အလွန်ပိုက်ဆံကုန်ပါတယ်။ ပစ္စည်းကိရိယာ ဒါကတော့ မပြောတော့ပါဘူး။ ရှည်သွားမှာ စိုးလို့ပါ။ နောက်တစ်ချက်က ကျွန်တော်တို့ ဆေးဝယ်တဲ့အခါမှာလည်း တော်တော်ဝယ်ပါတယ်ခင်ဗျား။ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ကျပ်(၁၃၅)ဘီလီယံဖိုး ဆေးဝယ်ပါတယ်။ ဆေးပစ္စည်းက ကျပ်(၄၂) ဘီလီယံဖိုး ဝယ်ပါတယ်။ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ ကျပ်(၁၂၀)ဘီလီယံဖိုး ဆေးပဲဝယ်ပါတယ်။ နောက်ဆေးပစ္စည်းက ကျပ်(၆၄)ဘီလီယံ ဝယ်ပါတယ်။ ကျွန်တော် တော်တော်လေး ဝယ်တာများပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ဒီမှာ ဆေးတွေ အခမဲ့ပေးနေသလို ဒီ မသန်စွမ်းလူနာတွေကလည်း ဆေးတွေ အလကားရပါတယ်။ ကျွန်တော့်အနေနဲ့ မသန်စွမ်းသူတွေအတွက်ကို Special ဘာရှိသလဲဆိုတော့ ရန်ကုန်မှာ ခုတင်(၁၀၀)ဆံ့ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ ဖွင့်ထားပါတယ်။ ဒီမှာဆိုလို့ရှိရင် မွေးရာပါ ခြေပြတ်၊ လက်ပြတ်လူနာတွေ၊ အကြောင်းအမျိုးမျိုးကြောင့် ခြေ၊ လက် ဖြတ်ထားတဲ့လူနာများ ဥပမာ ကားတိုက်လို့၊ မိုင်းထိလို့၊ ဆီးချို၊ သွေးတိုး၊ သွေးကြောပိတ်ရောဂါကြောင့် လက်ဖြတ်ထားသူတွေကို ကုသပေးတယ်။ ကျောရိုး၊ အာရုံကြောမကြီး ထိခိုက်ပြီးတော့ ခြေ၊ လက်မလှုပ်ရှားနိုင်သူတွေကို ဦးစားပေးလုပ်နေပါတယ်။ ပိုလီယိုကြောင့် မသန်စွမ်းဖြစ်တာတို့၊ လည်ပင်းကျီးပေါင်း၊ ခါးကျီးပေါင်းတို့၊ ခါးကြောညပ်၊ ပုခုံးအဆစ်အမြစ် နာကျင်ရောင်ရမ်းမှုရောဂါ ဒါတွေကို ကျွန်တော် သေချာစွာ ကုသမှုဆောင်ရွက်ပေးတဲ့အပြင် ခြေတု၊ လက်တုအသုံးပြုကိရိယာ Prosthesis and Orthotics ကိုလည်း အခမဲ့ပေးနေပါတယ်။ ဒ့ါအပြင် လူမှုရေးအတွက်ကိုလည်း ကျွန်တော်က ဆေးလူမှုဆက်ဆံရေးမှူးများ ခန့်ထားပြီးတော့ သူတို့ကိုအားပေးတယ်။ နှစ်သိမ့်တယ်။ ဒါတွေလည်း ကျွန်တော်တို့ လုပ်ပေးပါတယ်။

ဒ့ါအပြင် အမျိုးသားပြန်လည်သန်စွမ်းရေး ဆေးရုံမှာဆိုရင် Handicapped ပေါ့။ မသန်စွမ်းလူနာတွေအတွက်ဆိုရင် နေ့လယ်စာတို့၊ ညစာတို့ အခမဲ့ ကျွေးပါတယ်။ Special ကျွေးပါတယ်။ နောက်တစ်ချက်က အရေးကြီးတာက ခြေတု၊ လက်တု အားပြုကိရိယာများအတွက် လိုအပ်တဲ့ ကုန်ကြမ်းပစ္စည်းနဲ့ ကျွမ်းကျင်ပညာရှင်များ၊ နည်းပညာအထောက်အပံ့၊ ငွေကြေးတို့ကို

Nippon Foundation Exceed Cambodia Trust – ICRC နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ၂၀၁၈ ခုနှစ်ထဲမှာပဲ ကျွန်တော်တို့ (၂.၃)ဘီလီယံတန်ဖိုးရှိတဲ့ Prosthesis and Orthotics ပစ္စည်းကိရိယာတွေကို အားဖြည့်ပေးတာပေါ့။ မြန်မာလိုဆိုတော့ ဆရာတို့သိမှာပါ။ လူတွေမှာ လမ်းမလျှောက်နိုင်တော့လို့ ခြေတစ်ဖက်မရှိတာ ခြေတု၊ လက်တုကအစ အဲဒါတွေကို ကျွန်တော် ပေးတဲ့အပြင် နည်းနည်းဈေးကြီးတဲ့ Thoraco Lumbar Braces ခါးမှာလုပ်ထားတာတို့၊ Lumbar Support တို့၊ Axillary တို့ ချိုင်းထောက်တို့ Long Leg Brace (Aluminium) တွေကတော့ နည်းနည်းလေး ပိုက်ဆံယူပြီးတော့ ကျွန်တော်တို့ ပေးပါတယ်။ ဆိုလိုတာက ကျွန်တော်တို့ သေသေချာချာ လုပ်နေပါတယ်။ ဒီအဖွဲ့တွေနဲ့ Nippon Foundation တွေ ပိုက်ဆံထပ်ရအောင် အမြဲ လုပ်နေပါတယ်။

ခြေတု၊ လက်တုနဲ့ပတ်သက်ပြီး ကျွန်တော် ပစ်မထားပါဘူး။ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံရှိသလို အရိုးရောဂါအထူးကုဆေးရုံကြီး၊ မန္တလေးမှာလည်း လုပ်ပေးနေပါတယ်။ ကျိုင်းတုံမှာလည်း လုပ်တယ်။ မြစ်ကြီးနားမှာလည်း ICRC ကနေပြီး အများကြီးလုပ်ပေးနေပါတယ်။ Prosthesis and Orthotics ကို ကျိုင်းတုံနဲ့ မြစ်ကြီးနားမှာလုပ်ပေးနေပါတယ်။ နောက်တစ်ချက်က ပင်းတယ မှာလည်း လူထုအခြေပြု မသန်စွမ်းမှုကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးစီမံကိန်း (၅)နှစ် စီမံကိန်းကို ပင်းတယမှာ လုပ်နေပါတယ်။ ဒီ (၅)နှစ်စီမံကိန်းကတော့ Safe and Barrier Free Model Township Development in Pindaya ပေါ့။ နမူနာ စံပြမြို့နယ်တစ်ခုဖြစ်အောင် ပင်းတယမှာ လုပ်နေပါတယ်။ ဒါ အောင်မြင်မယ်ဆိုရင် အခြား တိုင်းဒေသကြီး၊ မြို့နယ်တွေမှာ ဆက်လုပ်ဖို့ရှိပါတယ်။

နောက်တစ်ချက်က ကျွန်တော်တို့ ဒါတွေမကပါဘူး။ Latter Day Saint Charitier ဆိုတဲ့ အဖွဲ့နဲ့ LOA ထိုးထားပါတယ်။ သဘောတူစာချွန်လွှာထိုးပြီးတော့ Wheel Chair တွန်းလှည်း (၃၂၀) ကျွန်တော်တို့ကို ထောက်ပံ့ပေးလျက်ရှိပါတယ်။ ဒါကိုလည်း Wheel chair တွေ ဆက်လက်ထောက်ပံ့ပေးဖို့ ကျွန်တော်တို့ လုပ်မှာပါ။ ဆိုလိုတာကတော့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးကို ပြောချင်တာက ကျွန်တော်တို့ ပစ်မထားပါဘူး။ သေချာလုပ်ပါတယ်။ ထို့အပြင် ဒီလို မသန်စွမ်းမဖြစ်အောင် ကာကွယ်ဖို့အတွက်လည်း ပိုလီယိုအကြောသေ ကာကွယ်ဆေးတွေ ထိုးပေးရတယ်။ ဦးနှောက်အမြှေးရောင် Haemophilus Influenza ကြောင့် ဦးနှောက်အမြှေးရောင်ပြီးတော့ ကိုယ်လက်သေသွားတာတွေအတွက် ကာကွယ်ဆေး ထိုးပေးပါတယ်။ ဂျပန် ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး Japanese Encephalitis ကို တစ်နိုင်ငံလုံး ကျွန်တော်တို့ ထိုးပေးပါတယ်။

နောက် ဝက်သက်ကြောင့် ဝက်သက်ဖြစ်ပြီလို့ရှိရင် မျက်စိကွယ်နိုင်တယ်။ ဦးနှောက်အမြှေးရောင်ဖြစ်နိုင်တဲ့အတွက်ကြောင့် ဒါတွေမဖြစ်အောင် ကာကွယ်ဆေးတွေကိုလည်း အများကြီး ထိုးပေးခြင်းအားဖြင့် မသန်စွမ်းလူနာတွေကို ကုသပေးနေပါတယ်။ နောက်ဆုံးတစ်ချက်ပြောချင်တာက ဒီ မသန်စွမ်းဖြစ်တာက မော်တော်ကား Accident တို့၊ မော်တော်ဆိုင်ကယ် Accident

တို့ဖြစ်တဲ့အတွက် Accident တွေ မဖြစ်အောင် လျှော့ထားပေးရင် မသန်စွမ်းလူနာများ နည်းသွားတဲ့ အတွက် နည်းပါးသော အရေအတွက်ကို ကျွန်တော် Quality Care ပေးလို့ရတဲ့အတွက်ကြောင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး ၏ မေးခွန်းဖြစ်တဲ့ ဆားလင်းကြီးမြို့နယ်၊ ထန်းဇင် ကျေးရွာအုပ်စု၊ ထန်းပုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ဖွင့်ရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်ပြီးတော့ ဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော် ဒါ ခပ်တိုတိုပဲ ဖြေပါမယ်။

ကျွန်တော် ကြည့်လိုက်တဲ့အခါမှာ ဒါကတော့ ကျွန်တော်တို့က ဖွဲ့စည်းပုံမှာ မပါဘူးဖြစ်နေ ပါတယ်။ သို့သော်ငြားလည်း ကျွန်တော် ပြန်ကြည့်တဲ့အခါမှာ ဒီက အလှူရှင်တွေက အကုန်လှူထား ပါတယ်။ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)လည်း ဆောက်ထားတယ်။ ဝန်ထမ်းအိမ်ရာလည်းဆောက် ထားတယ်။ မြေနေရာ၊ သိန်း(၁၀၀)၊ လျှပ်စစ်၊ ရေ၊ မီးအစုံ အားလုံး ပေးထားပေမယ့် ကျွန်တော်တို့ အနေနဲ့ ဖွဲ့စည်းပုံက မပါသေးတဲ့အခါကျတော့ Officially လုပ်လို့မရဘူး။ ခုနက ကျွန်တော်ဖတ်ပြတဲ့ အမိန့်အရဆိုရင်လည်း ခုနက ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်အရ ထွက်လာမှရမယ်။ အဲဒီတော့ ကျွန်တော်တို့ ဒါကို ဘယ်လိုလုပ်ဖို့စဉ်းစားထားသလဲဆိုတော့ ကျွန်တော်တို့ ရှိတဲ့ဝန်ထမ်းနဲ့ Transfer ပေါ့လေ။ ဒီသားဖွားဆရာမနဲ့ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) လစာကတော့ အခြား တစ်နေရာက ယူပြီးတော့ ဒီမှာ တာဝန်ချထားမယ်။ Sub Centre မှာလိုတဲ့ ဆေးဝါးပစ္စည်း ကိရိယာတော့ ပေးလို့ရပါတယ်။ ကျွန်တော်တို့ ဒါ အမြန်ဆုံးကို သက်ဆိုင်ရာ တိုင်းဒေသကြီး ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူးနဲ့ တိုင်ပင်ပြီးတော့ အမြန်ဆုံး ကျွန်တော်တို့ ဝန်ထမ်းလည်း ချပေးပါမယ်။ ပစ္စည်းကိရိယာနဲ့ဆေးလည်း ချပေးမယ်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထွန်းထွန်းဦး ရဲ့ မေးခွန်းဖြစ်တဲ့ အသေးစား စိတ်ဝေဒနာရှင်များကို ကုသသည့် ဆေးဝါးတချို့နှင့် အလွန်ကိုက်ခဲနာကျင်သော ဝေဒနာများကို သက်သာစေသည့် ဆေးဝါးအချို့တို့သည် ထိန်းချုပ်ဆေးဝါးများ စာရင်းတွင် ပါဝင်နေပါသဖြင့် ဝယ်ယူရန် အလွန်ခက်ခဲပြီး ဝေဒနာရှင် များအား အလွယ်တကူ ကုသနိုင်စေရေးအတွက် မည်ကဲ့သို့ ဖြေလျှော့ ဆောင်ရွက်ပေးမည်ဆိုတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဖြေကြားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းက အရမ်းလည်း အရေးကြီးပါတယ်။ ကျွန်တော် အချိန်(၅)မိနစ်တော့ ကျော်မှာဖြစ်ပါတယ်။

ကျွန်တော်တို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတဲ့ ဆေးနဲ့ပတ်သက်၍ ကျွန်တော်တို့ နိုင်ငံတွေက အရမ်းလုပ်လို့မရပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့အနေနဲ့က UN Ecosoc Economic and Social Council မှာရှိတဲ့ Convention on Psychrotrophic Substance ၁၉၇၁ ခုနှစ်က ထုတ်ခဲ့ပါတယ်။ ထုတ်တဲ့အချိန်မှာပဲ ၁၉၇၁ ခုနှစ်မှာ (၇၁)နိုင်ငံက လက်မှတ်ထိုးထားတယ်။ မြန်မာနိုင်ငံသည် ပထမဦးဆုံး ကနဦးလက်မှတ်ထိုးတဲ့ (၇၁)နိုင်ငံမှာ ကျွန်တော်တို့ ပါ ပါတယ်။ ဒါ တကယ်တော့ ဂုဏ်တော့ရှိပါတယ်။ အဲဒီထုတ်တဲ့အခါမှာ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့ Alprazolam နဲ့ Diazepam တို့က Schedule (၄)မှာ ပါဝင်တဲ့အတွက် ဒီ(၂)ခုကတော့ သာမန်ထိန်းချုပ်ဆေးဝါးဖြစ်ပါတယ်။ ကျွန်တော်တို့ အရင်ကျန်းမာရေးဝန်ကြီးဌာနက ၂၁-၆-၂၀၀၂ ရက်နေ့မှာ အမိန့်ထုတ်တာက ခုနက Alprazolam နဲ့ Diazepam အပါအဝင် ဆေးဝါး(၆၀)ကို စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ Psuchrotrophic Sutstance ဆိုပြီးတော့ ကျွန်တော်တို့က ကြေညာလိုက်ပါတယ်။ ဒီထဲမှာ ပါသွားပါတယ်။ သို့သော် အဲဒီမှာ ပါတာက Alprazolam နဲ့ Diazepam ဆိုတော့ သာမန်ထိန်းချုပ်ဆေးဝါးပဲဖြစ်ပါတယ်။

နောက်တစ်ခါ ကျွန်တော်တို့က ၂၆-၇-၂၀၀၂ ရက်နေ့မှာ ၃/၂၀၀၂ နဲ့ မူးယစ်ဆေးဝါး (၁၂၆)မျိုး ကြေညာလိုက်ပါတယ်။ အဲဒီထဲမှာတော့ Tramadol မပါသေးပါဘူး။ တစ်ဖန် ကျွန်တော်တို့က ၁၇-၁၁-၂၀၀၅ ရက်နေ့မှာ ၂/၂၀၀၅ နဲ့ အမိန့်ထုတ်လိုက်ပါတယ်။ ဒါက ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံ၏ လိုအပ်ချက်အရ မြန်မာနိုင်ငံမှာ Tramadol ဆေးကို လက်လွှတ်စပယ် အရမ်းသုံးနေတယ်။ သုံးတဲ့အခါကျတော့ တစ်ခုခုထိန်းချုပ်တော့မှ ရမယ်ဆိုပြီးတော့ အမိန့်ထုတ်ပါတယ်။ ဒါ ဘာထူးလဲဆိုတော့ Tramadol က Schedule (၃)ထဲကို ထည့်လိုက်ပါတယ်။ Schedule က (၄)ခုရှိပါတယ်။ (၁)(၂)(၃)(၄)။ (၁)ဆိုတာကတော့ ကျွန်တော် တို့က ပြည်သူ့ကျန်းမာရေးကို အထူးအန္တရာယ်ရှိပြီးတော့ ကုသလို့လည်း တန်ဖိုးရှိတာကို ထည့်ထားပါတယ်။

အဲဒီမှာဆိုလို့ရှိရင် ခုနကပြောတဲ့ Hallucinogenic – LSG တို့ ပါ ပါတယ်။ ဆေးသောက်လို့ရှိရင် ကိုယ်ဟာကိုယ် ဘုရင်ဖြစ်သွားတဲ့ပုံစံလို၊ သမ္မတဖြစ်တဲ့ပုံစံလိုဖြစ်သွားတဲ့ ဆေးတွေက Benzodiazepine ဖြစ်ပါတယ်။ Schedule (၂)မှာတော့ ကျွန်တော်တို့ အားလုံးကြည့်တယ် Amptetamine Type Stmalant တွေ ပါ ပါတယ်။ Amptetamine Type Stimulant ကတော့ ကုသလို့လည်း တချို့နေရာမှာ ဆေးကုတဲ့နေရာမှာ သုံးပါတယ်။ ဒါ Schedule (၂)မှာ ပါ ပါတယ်။ Schedule (၃)မှာကတော့ ကျွန်တော် ထုံထိုင်းစေသောဆေး နည်းနည်းပြင်းတဲ့ဟာ Barbiturate ပါ ပါတယ်။ အဲဒီတော့ Schedule (၃)ကို ထည့်ပါတယ်။ သူတို့လည်း အရမ်းသုံးရင် Habit Forming ဖြစ်သွားမယ်။ စွဲသွားမယ်။ Schedule (၄)မှာတော့ နည်းနည်းသိပ်ပြီးတော့ မပြင်းတဲ့၊ ထုံထိုင်းတဲ့ ဆေး၊ စိတ်ဓာတ်ကျလို့ရှိရင် ပေးတဲ့ဆေးတွေပါတယ်။ Schedule (၁)(၂)(၃)(၄)မှာ ကြည့်လို့ရှိရင် Schedule (၄)သည် သာမန်ထိန်းချုပ်ဆေး နည်းနည်း ဝယ်ရပြုရလွယ်တယ်။ Schedule (၁)(၂)(၃)

ကတော့ အထူးထိန်းချုပ်ဆေး Highly Control ဖြစ်တဲ့အတွက် ဝယ်ရတာ ခက်ပါတယ်။ အဲဒီလို ဖြစ်ပါတယ်။

ဒီမှာ ပြန်ကြည့်တဲ့အခါမှာ ကျွန်တော်တို့ ဒီအသေးစား စိတ်ဝေဒနာများကို ကုသတဲ့ ဆေးဝါးအချို့နဲ့ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့ အလွန်ကိုက်ခဲနာကျင်သော ဝေဒနာများကို သက်သာစေသည့် အထူးထိန်းချုပ်ဆေးဝါး Tramadol ကို ထိန်းချုပ်ဆေးဝါးအဖြစ် ကျွန်တော်တို့ အသုံးပြုတဲ့ဆေးဝါးများကတော့ အရမ်းမလုပ်ပါဘူး။ နိုင်ငံတကာမှာ ဘယ်လိုလုပ်နေသလဲ။ ဆေးထုတ်တဲ့နေရာမှာရော၊ သုတေသနလုပ်တဲ့အခါမှာရော၊ ကုသတဲ့နေရာမှာရော၊ သုံးတဲ့အခါမှာရော၊ လက်ဝယ်ထားတဲ့ နေရာမှာရော၊ ဖြန့်ဖြူးတဲ့နေရာမှာရော ပြည်ပမှတင်သွင်း၊ ပြည်ပသို့တင်ပို့ ရောင်းချခြင်းအားလုံးကိုတော့ ကျွန်တော်တို့နိုင်ငံနှင့် ကမ္ဘာ့ကျန်းမာရေး (WHO)၊ UN အဖွဲ့၊ United Nation၊ အဖွဲ့တို့ရဲ့ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တွေ မှီငြမ်းပြီးမှ ကျွန်တော်တို့ လုပ်ရပါတယ်။ အရမ်းလုပ်လို့ မရပါဘူး။ ကျွန်တော်တို့ International Narcotic Board ရှိပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့က အရမ်း မလုပ်ပါဘူး။

အဲဒါကြောင့် ၂၀၀၃ ခုနှစ်၊ မတ်လမှာ ကျွန်တော်တို့က အမိန့်ကြော်ငြာစာတစ်ခု ထုတ်ပါ တယ်။ ဝန်ကြီးဌာနက ၁/၂၀၀၃ နဲ့။ ဒီဟာကတော့ FDA နဲ့ ပိုဆိုင်ပါတယ်။ အထူးထိန်းချုပ်ဆေးဝါး ဆိုတာ ဘာလဲ။ သာမန်ထိန်းချုပ်ဆေးဝါးဆိုတာ ဘာလဲ။ ထိန်းချုပ်ဆေးဝါး ဆိုတာ ဘာလဲ။ အဲဒီဆေးကို မည်သည့်ဆေးရုံ၊ မည်သည့်ဆေးဆိုင်မှာ ရောင်းချနိုင်ခွင့်ရှိသလဲ။ လက်လီရောင်းမယ် ဆိုရင် လက်လီရောင်းချခွင့် ရတဲ့သူတွေက ဘာတွေလုပ်ရမလဲ။ သူတို့မှာ အထူးထိန်းချုပ်ဆေးဆိုရင် ဘယ်လိုကိုင်တွယ်ရမလဲ။ သာမန်ထိန်းချုပ်ဆေးဆိုရင် ဘယ်လိုကိုင်ရမလဲ။ ဆရာဝန်က ဆေးစာ ရေးပေးတဲ့အခါတောင်မှ ဘယ်လိုပုံစံနဲ့ ရေးရမလဲ။ နောက် ဒီဆေးတွေကိုထားတဲ့ ဆေးရုံ၊ ဆေးပေး ခန်းတွေမှာ ဒီဆေးကို ဘယ်လိုထိန်းသိမ်းရမလဲ။ သိုလှောင်ရင် ဘယ်လိုသိုလှောင်ရမလဲ။ လက်ကား ရောင်းမယ်ဆိုရင် ဘယ်လိုရောင်းရမလဲ။ လက်လီရောင်းမယ်ဆိုရင် ဘယ်လိုရောင်းရမလဲ။ အဲဒါတွေ အကုန်လုံးပါတဲ့ ၁/၂၀၀၃ မှာ ကျွန်တော် ထုတ်လိုက်ပါတယ်။

အဲဒီတော့ ဆိုလိုတာက ဘာကြောင့်ထုတ်သလဲဆိုတော့ အန္တရာယ်ရှိတဲ့ ဆေးဝါးတွေကို မလိုအပ်ဘဲသုံးစွဲခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်းတို့ကို ထိန်းချုပ်ဖို့အတွက်လုပ်ခြင်းဖြစ်တဲ့အခါ ကျတော့ ဒီထိန်းချုပ်ဆေးဝါးတွေကို ခုနက လိုအပ်တဲ့လူနာကို စနစ်တကျ ရရှိအသုံးပြုရန် လိုအပ် သကဲ့သို့ တလွဲသုံးမှုမဖြစ်အောင်လည်း ကာကွယ်ရန် နှစ်ဖက်ရှိနေပါတယ်။ ခုနက အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီး Tramadol က အလွန်လိုတယ်။ တစ်ဖက်မှာလည်း အလွဲသုံးစား မဖြစ်အောင် ထိန်းချုပ်ရပါတယ်။ ထိန်းချုပ်ရတဲ့အတွက် ကျွန်တော်တို့က Schedule (၃)မှာ ထည့်သွားခြင်း ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့အနေနဲ့ကတော့ ဒါကို ဒီနေရာမှာဆိုလို့ရှိရင် ထိန်းချုပ်ဆေးဝါးတွေကို ပြည်သူတွေတစ်ခုမြင်နေတာက ရောင်းလို့မရပါဘူး။ အခု ရောင်းလို့ရပါတယ်။ အထူးထိန်းချုပ်ဆေးဝါးကိုလည်း ရောင်းချခွင့်ရှိတယ်။ သူက လျှောက်လွှာလျှောက်ရမယ်။ အဆင့်ဆင့်လုပ်ပြီးရင် ထောက်ခံချက်ပေးပါတယ်။ အဲဒါက ပြည်သူတွေက အမြင်မှားနေတာပါ၊ မရဘူး မဟုတ်ဘူး ရပါတယ်။ ရောင်းလို့ရတယ်။ ရောင်းချသူက အဆင့်ဆင့်လျှောက်ရမယ်။ ဆိုလိုတာက ဥပမာဆိုလို့ရှိရင် ဒီ သာမန်ထိန်းချုပ်ဆေးဝါးများကို ရောင်းချမည့် ဆေးဝါးရောင်းချခွင့်လိုင်စင်ရသော ဆေးဆိုင်များသည် သက်ဆိုင်ရာ မြို့နယ် FDA ကော်မတီကို လျှောက်ထားရမယ်။ လိုင်စင်ရလို့ရှိရင် သာမန်ထိန်းချုပ်ဆေးဝါးတွေကို ကျွန်တော် ရိုးရိုးဆရာဝန် ဆမ ရှိတဲ့ ဆရာဝန်ကနေပြီးတော့ တည်ဆဲအမိန့် ၁/၂၀၁၃ အရ ရောင်းချနိုင်ပြီးတော့ ဆေးဆိုင်တွေက ရောင်းချလို့ကိုရပါတယ်။ ဒါကို ကျွန်တော် အထူးပြောချင်တာပါ။ ဒီ Tramadol ကဲ့သို့ အထူးထိန်းချုပ်ဆေးဝါးများကိုတော့ ကျွန်တော့်အနေနဲ့ ဗဟိုအဆင့်နဲ့ သင်ကြားရေးဆေးရုံများ၊ ပြည်နယ်၊ တိုင်းဒေသကြီးဆေးရုံများ၊ ခုတင်(၂၀၀)ဆံ့ဆေးရုံများ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် အထူးခွင့်ပြုတဲ့ ဆေးရုံများမှာ ရောင်းချခွင့်ရှိပါတယ်။ ဆိုလိုတာက အရမ်းလွတ်လပ်ခွင့်၊ ရောင်းချခွင့် မပေးဘူး ဆိုတာ Tramadol သည် ခုနကပြောတဲ့ အလွဲသုံးစား၊ မဟုတ်တာနဲ့သုံးဖို့ အလားအလာများတဲ့အတွက် လုပ်ခြင်းဖြစ်ပါတယ်။

အထူးထိန်းချုပ်ဆေးဝါးများကို လက်လီရောင်းချလိုသည့် ဆေးဆိုင်ပိုင်ရှင်နှင့် ဆေးရောင်းဆိုင်များသည် လက်လီရောင်းချခွင့် ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာ ဆေးရုံအုပ်ကြီးမှတစ်ဆင့် ဗဟိုအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးကော်မတီကို လျှောက်ရပါမယ်။ အဲဒီတော့ အထူးထိန်းချုပ်ဆေးဝါးကို ကျွန်တော်တို့ကတော့ အခု လောလောဆယ်တော့ အထူးကုဆရာဝန် Consultant ဆရာဝန်ကြီးတွေရဲ့ ဆေးညွှန်းစာဖြင့်လည်းကောင်း၊ သို့သော် ဆေးကုသခွင့် ရိုးရိုးဆရာဝန်ရဲ့ ဆေးညွှန်းစာလည်းရတယ်။ သူက သူရေးတဲ့အတိုင်း မရဘူး။ သူရေးတဲ့ Prescription ကို ဒီ တိုင်းဒေသကြီးနှင့် ပြည်နယ်ကုသရေးဦးစီးဌာနမှူး သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်ကနေ တာဝန်ပေးထားတဲ့သူက အထူးသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးတွေကို သူတို့ဆီက ထောက်ခံချက်ရပြီဆိုရင် ဝယ်လို့ရပါတယ်။ အဲဒါရှိပါတယ်။ ၁/၂၀၁၃ အရ ခွင့်ပြုချက်ရတဲ့ ထိန်းချုပ်ဆေးဝါးများကို ရောင်းချရန် ခွင့်ပြုချက်ရရှိသူသည် တစ်ခုရှိတယ်။ ဆေးဝါးအမျိုးအစားတစ်ခုချင်းအလိုက် ဝယ်ယူခြင်း၊ ရောင်းချခြင်းကို ပုံစံ(၄)နဲ့ တစ်လရဲ့ လဆန်း First to Seven Day Report လုပ်ရပါမယ်။ အဲဒါ အရမ်းအရေးကြီးပါတယ်။ ကျွန်တော် ဆိုင်ပိုင်ရှင်ဆိုလို့ရှိရင် ကျွန်တော် တိုက်ရိုက်ရောင်းတဲ့သူကို Report လုပ်ရတယ်။ Report မလုပ်လို့ မရဘူး။ အရမ်းကို အလွဲသုံးစားဖြစ်မှာစိုးလို့။ ကျွန်တော့်အနေနဲ့ ဒီမှာတင်ပြချင်တာကတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ

အထူးထိန်းချုပ်ဆေးဝါး ခုနကပြောတဲ့ Tramadol List ပါတဲ့ ရောင်းချနိုင်တဲ့ဆိုင်ပေါင်းက (၉၂)ဆိုင် ရှိပါတယ်။

သာမန်ထိန်းချုပ်ဆေးဝါးကို ရောင်းချနိုင်တဲ့ဆိုင်က (၈၂၁)ဆိုင် လိုင်စင်ပေးထားပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူများ ဒီလို နာကျင်တယ်ဆိုတာ ကျန်းမာရေးဆရာဝန်ကျင့်ဝတ်အရ ဒီလို မဖြစ်စေချင်ပါဘူး။ ရောဂါတစ်ခုကြောင့် နာနေတယ်ဆိုတာကို ခံစားလို့မဖြစ်အောင် ကျွန်တော်တို့ ဆရာဝန်တွေမှာ တာဝန်ရှိပါတယ်။ အဲဒီတော့ ကျွန်တော့် ပြည်သူ့ဆေးရုံထဲမှာ ဒီ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ Tramadol 50 mg Capsule အလုံး(၁)သန်း ကျွန်တော် ဆေးရုံတွေ ဝေပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ Tramadol 50 mg Injection အရေအတွက်(၃)သောင်း အကုန်လုံး ဝေပြီးတော့ စည်းကမ်းနဲ့ ကျွန်တော်တို့ ဝယ်တယ်။ ဖြန့်ထားပါတယ်။ လိုလို့ရှိရင် ကျွန်တော်တို့ ထပ်ပြီးတော့ အတိအကျ ဝေပေးပါတယ်။ ဒါပေမဲ့ ဆေးရုံတွေက အတိအကျ တင်ရတယ်။ ဘယ်ဆေး ဘယ်လောက်ကိုတော့ ဘယ်လူနာတွေ ပေးတယ်၊ ဒါကို အလွတ်ရတယ်။ ဒါတွေ အကုန်လုံးကို ကျွန်တော်က ဗဟိုဆေးရုံရယ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခုတင်(၂၀၀) အထက် ဆေးရုံရယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်ကုသရေးဦးစီးဌာနများသို့ ကျွန်တော် ပေးထားခြင်း ဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော် တစ်ခုတင်ပြချင်တာကတော့ ခုနက လွှတ်တော်ကိုယ်စားလှယ်က ဖြေလျှော့ခိုင်းတယ်၊ မှန်ပါတယ်။ ကျွန်တော်တို့ ဖြေလျှော့ပေးပါမယ်။ ကျွန်တော်တို့ ဘယ်လို လုပ်မလဲဆိုရင် ဒီ ၁/၂၀၀၃ နဲ့ပတ်သက်ပြီး ထိန်းချုပ်ဆေးဝါးတွင် ပါဝင်နေပြီး ဝယ်ယူရန် အလွန် ခက်ခဲသည့် ဝေဒနာရှင်များ ဆေးရဖို့အနေနဲ့ကတော့ မသမာမှုတွေ မဖြစ်ဖို့အတွက် ဘာလုပ် မလဲဆိုတော့ မကြာခင်အတွင်းမှာ ဆေးဝါးအကြံပေးကော်မတီဝင်တွေ ပြည်သူ့ကျန်းမာရေး ပညာရှင်တွေ၊ စိတ်ရောဂါအထူးကုပညာရှင်တွေ၊ ဆေးရုံအုပ်ကြီးတွေ၊ Epidemiologist တွေ၊ ဆေးပညာရှင် Physician ပေါ့၊ ဆေးကုသမှု ပါရဂူတွေနဲ့ တိုင်ပင်ပြီးတော့ ကျွန်တော်တို့ ဘာလုပ်ရမလဲဆိုရင် အထူးထိန်းချုပ်ဆေးဝါးများကို ပုဂ္ဂလိကအထူးကုဆေးရုံကြီးကို ပေးတဲ့အပြင် အထူးကုဆေးခန်းတွေမှာပါ ကျွန်တော်တို့ ရအောင်လုပ်ပေးပါမယ်။ (၂) အထူးထိန်းချုပ်ဆေးဝါး များကို အထူးကုသမားတော်ရဲ့ ဆေးညွှန်းစာထားပေးရန် တစ်ခါပေးရင် နှစ်ပတ်ပဲပေးပါတယ်၊ လူနာတွေကို။ ဒါတွေကုန်လို့ရှိရင် လူနာက ပြန်လာရတယ်။ အဲဒါကို ကျွန်တော်က (၄)ပတ် သို့မဟုတ် (၁)လ အထိလုပ်ဖို့ ကျွန်တော်တို့ စဉ်းစားပါမယ်။

နောက်တစ်ခုက မြို့ပြနှင့် မြို့ကြီးများမှ အလှမ်းကွာဝေးသော ဒေသများတွင် နေထိုင်တဲ့ သူတွေအတွက်ကတော့ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး၊ ကုသရေးဦးစီးမှူးရဲ့ ထောက်ခံချက်နဲ့ ရောင်းချမယ်။ ကျွန်တော်တို့ရဲ့ TMO တွေက လက်ထောက်ညွှန်ကြားရေးမှူး အဆင့် ဖြစ်ပါတယ်။ သူတို့ရဲ့ ထောက်ခံချက်နဲ့ ကျွန်တော် ရောင်းချအောင် ကျွန်တော်တို့ လုပ်မှာ

ဖြစ်ပါတယ်။ အဲဒီတော့ ဒီဟာတွေကို လုပ်မယ်ဆိုရင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး လိုအပ်တဲ့၊ ပြည်သူများလိုအပ်တဲ့ Tramadol ဟာ လွယ်လွယ်ကူကူနဲ့ ရရှိမယ်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဘွဲခိန်း ၏ ကြယ်ပွင့်ပြ မေးခွန်းဖြစ်တဲ့ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ငါဖိုင်ပီး ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်အဆင့်ဆေးရုံနဲ့ ညှိနှိုင်းမယ့်ကိစ္စကို ကျွန်တော် သေချာ လေ့လာပါတယ်။ လေ့လာတဲ့အခါမှာ ကျွန်တော့်အနေနဲ့က ဒါကို ပေးလို့မရဘူးဖြစ်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့် ၂၀၁၄ ခုနှစ်ကနေ ၂၀၁၈ ခုနှစ်အထိ RHC ကိုလာတဲ့ လူနာတွေ တစ်ရက်ကို ၂၀၁၄ ခုနှစ်က (၆)ယောက်၊ ၂၀၁၅ ခုနှစ်က (၆)ယောက်၊ ၂၀၁၆ ခုနှစ်က (၆)ယောက်၊ ၂၀၁၇ ခုနှစ်က (၆)ယောက်၊ ၂၀၁၈ ခုနှစ်မှာ (၆)ယောက်ဖြစ်ပါတယ်။

ထို့အပြင် ဒီ REC ကျေးလက်ကျန်းမာရေးဌာနက အပေါ်ကိုလွှဲတဲ့ လူနာဦးရေကလည်း ၂၀၁၄ ခုနှစ်မှာ (၁၅)ယောက်ရှိပါတယ်။ ၂၀၁၅ ခုနှစ်မှာ မရှိပါဘူး။ ၂၀၁၆ ခုနှစ်မှာ မရှိပါဘူး။ ၂၀၁၇ ခုနှစ်မှာ (၆)ယောက်ရှိပါတယ်။ ၂၀၁၈ ခုနှစ်မှာ (၆)ယောက်ရှိပါတယ်။ ဆိုလိုတာက သိပ်ပြီး Seriously ပေါ့။ အခြေအနေဆိုးတဲ့ ရောဂါတွေအရ အထက်ကိုလွှဲတဲ့ လူနာမရှိဘူးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လောလောဆယ်ကတော့ ဒီ REC ရှိတဲ့ ဆေးပစ္စည်း ကိရိယာကအစ အားလုံး ကျန်တဲ့ဟာတွေကို လိုလေသေးမရှိအောင် ကျွန်တော့်အနေနဲ့ ဒါကို လုပ်ပေးပါမယ်။ သို့သော်လည်း တစ်ခါတည်း ဒီဟာကို ချင်းပြည်နယ်က ခက်ခဲတဲ့ ပြည်နယ်ဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ မပေးဘူးလို့ တစ်ခါတည်း မပြောချင်တာက အခု ကျွန်တော် ပြည်နယ်ဦးစီးမှူးအသစ် ခန့်လိုက်ပါပြီ။ ပြည်နယ်ဦးစီးမှူးအသစ်ခန့်ပြီးတော့ ကိုယ်တိုင်ပဲ ကျွန်တော် သွားကြည့်ခိုင်းပါတယ်။ တကယ်ပဲ လိုတယ်ဆိုရင်တော့ ကျွန်တော် တစ်နည်းနည်းနဲ့ စဉ်းစားပေးမယ်၊ ဒီကိစ္စကို။ နောက်တစ်ချက်က ကျွန်တော်တို့ ချင်းပြည်နယ်ကနေပြီးတော့ Holistic Report လည်း တက်လာပါပြီ။ Holistic Report ထဲမှာလည်း ချင်းပြည်နယ်ဦးစီးမှူးက ဘယ်လိုရေးထားလဲ။ ဘာတွေရေးထားလဲ။ ပြန်လည်သုံးသပ် မှာပါ။ ဒါတွေက တိုင်းဒေသကြီးနှင့် ပြည်နယ်(၁၄)ခုစလုံးကို တစ်ပြိုင်တည်း ကျွန်တော် နောက်လဆန်း လောက်မှာ သုံးသပ်မှာ ဖြစ်ပါတယ်။ ဒါတွေကို ကြည့်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ပေးမှာ ဖြစ်တယ်။ လောလောဆယ် ကျွန်တော့်အနေနဲ့ကတော့ မပေးသေးပါကြောင်း လေးစားစွာ ဖြေကြား အပ်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်၊ အေးမြသာယာရွာကြီးအား မြို့အဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁:၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့် က ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်၊ အေးမြသာယာရွာကြီးအား မြို့အဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၁၆။**

**ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ မင်းလှ၊ မိုးညို၊ အုတ်ဖိုမြို့နယ်တို့ရဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် ဖြစ်ပါတယ်။ ကျွန်တော့်၏ မဲဆန္ဒနယ်ဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်၊ အေးမြသာယာရွာကြီးကို အေးမြသာယာမြို့အဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းမယ့် မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်၊ အေးမြသာယာရွာကြီးကို ၁၉၈၉ ခုနှစ်က စတင်တည်ခဲ့ပြီးတော့ အေးမြသာယာမြို့ရယ်လို့သာ ဆိုင်းဘုတ်တင်ပြီး ကျွန်တော်တို့ မြို့အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနက သတ်မှတ်ပေးခဲ့ခြင်း မရှိသေးပါဘူး။ ရွာကြီးအဖြစ်သာ ရှိပါသေးတယ်။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။

ကျွန်တော်တို့ အေးမြသာယာမြို့ဟာ ရန်ကုန် - ပြည်ကားလမ်းရဲ့ (၁၀၈)မိုင်ကနေ အတွင်းအရှေ့ဘက်ကို (၂)မိုင်ခန့်အကွာမှာ ရှိပါတယ်။ ဒါကတော့ အေးမြသာယာမြို့မဈေးကြီး ဖြစ်ပြီးတော့ ဒါကတော့ တိုက်နယ်ဆေးရုံ ခုတင်(၁၆)လုံးဆံ့ဖြစ်ပြီးတော့ ဝန်ထမ်းအိမ်ရာလည်း ရှိပါတယ်။ အဲဒီမှာ တိုင်းရင်းဆေးကုဌာနလည်း ရှိပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုပါ။ ဒါကတော့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဖြစ်ပြီးတော့ စခန်းမှူးနဲ့ ရဲတပ်ဖွဲ့ဝင် အားလုံးပေါင်း(၃၉)ဦး ရှိပါတယ်။

ဒါကတော့ ဘောလုံးကွင်းဖြစ်ပြီးတော့ (၂.၆၈၆)ကေရှိပြီးတော့ ကျွန်တော်တို့ မီတာ(၄၀၀) ပြေးလမ်းလည်း ရှိပါတယ်။ ဒါကတော့ (၅)ကေရှိတဲ့သုသာန်နဲ့ သင်္ချိုဟ်စက်ဖြစ်ပါတယ်။ ဒါကတော့ သဒ္ဒါပြုနာရေးကူညီမှုအသင်း ဖြစ်ပါတယ်။ ဒါကတော့ အေးမြသာယာ စာတိုက် ဖြစ်ပါတယ်။ ဒါကတော့ အေးမြသာယာဆက်သွယ်ရေးအနေနဲ့ Telenor ၊ Ooredoo ၊ MPT တို့ ဖြစ်ပါတယ်။ ဒါကတော့ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့(၂)ယူနစ်ဖြစ်ပြီးတော့ (၀.၈)ကေရှိပါတယ်။ ဒါကတော့ လျှပ်စစ်ကို (၂၄)နာရီ ဓာတ်အားလိုင်းနဲ့ ပေးနေတာဖြစ်ပါတယ်။ ဒါကတော့ ထရန်စဖော်မာ

အားလုံးပေါင်း (၃၂)ခုရှိပါတယ်။ ဒါကတော့ ပညာရေးအနေနဲ့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နဲ့ အလယ်တန်းကျောင်း(ခွဲ)၊ နောက် အခြေခံပညာမူလတန်းကျောင်းတို့ ရှိပါတယ်။ ဒါကတော့ ဘာသာရေးအနေနဲ့ ကျွန်တော်တို့ ဘုန်းတော်ကြီးကျောင်း(၂)ကျောင်း၊ ရိပ်သာ(၂)ခု၊ ဓမ္မစကူး(၂)ခုနဲ့ ဟိန္ဒူဘုရားရှိခိုးကျောင်း၊ ဗုဒ္ဓဘာသာဘုရားရှိခိုးကျောင်း ရှိပါတယ်။ ဝါတွင်း သံဃာ့ဒါန ဆွမ်းလောင်း (၁၀)ရုံရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ ကိုရီးယားအထည်ချုပ်စက်ရုံ ဖြစ်ပါတယ်။

ဒါကတော့ စက်မှုလက်မှုလုပ်ငန်းတွေဖြစ်တဲ့ ဆီစက်၊ ဆန်စက်တွေ၊ သစ်စက်တွေဖြစ်ပါတယ်။ ဒါကတော့ ပန်းဥယျာဉ်နှင့် ကလေးအားကစားကွင်းဖြစ်ပါတယ်။ ဒါကတော့ စီးပွားရေးလုပ်ငန်းတွေအတွက် ပဲဒိုင်တွေ၊ ဆန်ဒိုင်တွေဖြစ်ပါတယ်။ ဒါကတော့ အေးမြသာယာ အုပ်ချုပ်ရေးမှူးရုံးဖြစ်ပြီးတော့ ဒါကတော့ စာကြည့်တိုက်ဖြစ်ပါတယ်။ ဒါကတော့ (၈၀ x ၁၀၀) ပေပေါ်မှာ တည်ဆောက်ထားတဲ့ ကျွန်တော်တို့ ထွန်းရွှေဝါခန်းမဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ သောက်သုံးရေ ဖြန့်ချိရေးအတွက် သောက်သုံးရေကန် (၄)ကန်ရှိသလို လက်နှိပ်တုံကင်(၃၅)လုံးနဲ့ စက်ရေတွင်း(၁၀)တွင်းရှိပါတယ်။ ဒါကတော့ ကျေးရွာထင်းစိုက်ခင်း မြေနေရာဖြစ်ပါတယ်။ ဒါကတော့ လမ်းပန်းဆက်သွယ်ရေးအနေနဲ့ မြို့ထဲမှာ စည်ပင်သာယာ ကတ္တရာလမ်း (၆)မိုင်နဲ့ ကွန်ကရစ်လမ်း(၆)ဖာလုံ၊ မြေနီလမ်း(၂)မိုင်ရှိပါတယ်။ ဒါကတော့ အမှိုက်စွန့်ပစ်ရန်နေရာ (၅)ကေနဲ့ မိလ္လာစွန့်ပစ်ရန်၊ မြောင်းတူးဖို့ (၅)ကေရှိပါတယ်။ ဒါကတော့ အနယ်နယ်အရပ်ရပ်ကို ဆက်သွယ်ဖို့ ကားဂိတ်တွေ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အေးမြသာယာကျေးရွာကြီးကို အေးမြသာယာမြို့အဖြစ် အဆင့်မြှင့်တင်ပေးနိုင်ပါရန် ပြည်ထဲရေးဝန်ကြီးဌာနရဲ့ အချက်(၂၃)ချက်နဲ့လည်း ညီနေတဲ့အတွက်ကြောင့် ကျွန်တော်တို့ အေးမြသာယာ ကျေးရွာသူ/ကျေးရွာသားများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် အေးမြသာယာ ကျေးရွာကြီးကို အေးမြသာယာမြို့အဖြစ် အဆင့်မြှင့်တင်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ မေးရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အေးမြသာယာမြို့ မြင်ကွင်းပုံ (ဃဃ)



အေးမြသာယာမြို့ ပြည်သူ့ဆေးရုံ၏ မြင်ကွင်းပုံ (ဃဃ-၁)




အေးမြသာယာမြို့ အခြေခံပညာအထက်တန်းကျောင်း၏ မြင်ကွင်းပုံ (ဃဃ-၂)




**အချိန်၊ ၁၁:၂၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာ နေပြည်တော်ကောင်စီဝင်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁:၂၁။**

**ဦးညီထွန်း (နေပြည်တော်ကောင်စီဝင်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နေပြည်တော်ကောင်စီဝင် ဦးညီထွန်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် ရဲ့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်၊ အေးမြသာယာရွာကြီးအား

မြို့အဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မေးခွန်း မေးမြန်းထားတာ ဖေဖော်ဝါရီလလောက်ကတည်းကဖြစ်တဲ့အတွက် ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်များနဲ့ပတ်သက်ပြီး ပိုမိုပြီးတော့ နောက်ဆုံး အခြေအနေနဲ့ကိုက်ညီအောင်ဆိုပြီး ဒုတိယအကြိမ် ထပ်မံမေးမြန်းပြီးတော့ မေလ အတောအတွင်းမှာ ရရှိတဲ့ ဒုတိယအကြိမ်ပြန်လည်ဖြေကြားပေးတဲ့ နောက်ဆုံးအခြေအနေနဲ့ ကိုက်ညီတဲ့ ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့ရဲ့ အဖြေများကို ကျွန်တော့်အနေနဲ့ ကိုယ်စား တင်ပြသွားမှာ ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်၊ အေးမြသာယာကျေးရွာအုပ်စုအား ၁၉၈၉ ခုနှစ်တွင် ဆတ်ပုတ်သစ်တောကြိုးဝိုင်းကို ပယ်ဖျက်၍ အေးမြသာယာကျေးရွာအဖြစ် ဖွဲ့စည်းပေးခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၈-၅-၁၉၉၂ ရက်စွဲပါ စာဖြင့် အေးမြသာယာကျေးရွာဟာ ရေတာကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ(၈)ရွာတို့နဲ့ပေါင်းစပ်၍ အေးမြသာယာကျေးရွာအုပ်စုအဖြစ် ဖွဲ့စည်းပေးခဲ့ပါသည်။ အေးမြသာယာကျေးရွာအုပ်စုအား မြို့အဆင့်သို့ တိုးမြှင့်နိုင်ရေးအတွက် မြို့အင်္ဂါရပ်နဲ့ကိုက်ညီမှု ရှိ/မရှိကို စိစစ်ခဲ့ပါတယ်။

ထိုသို့ စိစစ်ရာတွင် အခြေခံပညာမူလတန်းကျောင်းများသည် မြေဧရိယာ (၅)ဧက ရှိရမည် ဖြစ်သော်လည်း အခြေခံပညာမူလတန်းကျောင်း (အေးမြသာယာ)၊ အခြေခံပညာမူလတန်းကျောင်း (ဂုံညင်းတန်းလေး)နှင့် အခြေခံပညာမူလတန်းကျောင်း (ကဝေစု)ကျောင်းများမှာ မြေဧရိယာ (၄)ဧကသာရှိခြင်း၊ အလယ်တန်းကျောင်းများသည် မြေဧရိယာ(၁၀)ဧက ရှိရမည်ဖြစ်သော်လည်း အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (အေးမြသာယာ) (၅.၅)ဧက၊ အခြေခံပညာအလယ်တန်း ကျောင်း (ပြည်တော်သာ) (၆)ဧကနှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (ဆီဆုံကုန်း)တို့မှာ (၆)ဧကသာ ရှိခြင်း၊ အထက်တန်းကျောင်းများသည် မြေဧရိယာ (၂၀)ဧက ရှိရမည်ဖြစ်သော်လည်း အခြေခံပညာအထက်တန်းကျောင်း (အေးမြသာယာ) (၁၁.၅၄)ဧကသာရှိခြင်း၊ မိလ္လာစွန့်ရန် မြောင်း တူးသည့်မြေနေရာ(၅)ဧကလိုအပ်သော်လည်း အေးမြသာယာအမှတ်(၁)ရပ်ကွက် အနောက်တောင်ဘက် သုသာန်မြေ အဝန်းအဝိုင်းမြေအတွင်း (၂)ဧက မစင်စွန့်ပစ်ရန် မြေနေရာသတ်မှတ်ထားခြင်း၊ သင်္ချိုင်းမြေအတွက် အကျယ်အဝန်း(၅)ဧက လိုအပ်သော်လည်း အေးမြသာယာ အမှတ်(၁)ရပ်ကွက် အနောက်တောင်ဘက် သုသာန်သင်္ချိုင်းမြေ (၄)ဧက အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း စစ်ဆေး တွေ့ရှိရပါတယ်။

လိုအပ်ချက်အနည်းငယ်မှလွဲ၍ ကျန်ရှိသည့် မြို့အင်္ဂါရပ်များမှာ ညီညွတ်မှုရှိပါကြောင်း အေးမြသာယာကျေးရွာအုပ်စုအား မြို့အဖြစ် အဆင့်တိုးမြှင့်နိုင်ရေးအတွက် ၂၃-၁-၂၀၁၉ ရက်နေ့ ၁၅:၀၀ နာရီအချိန်တွင် အေးမြသာယာကျေးရွာအုပ်စု အေးမြသာယာကျေးရွာ မဟာဂန္ဓာရုံ

ဘုန်းတော်ကြီးကျောင်း၌ ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံညှိနှိုင်း အစည်းအဝေး ပြုလုပ်ပြီး ဒေသခံပြည်သူများ၏ သဘောထားများကို အေးမြသာယာရှိ အကွက် အလိုက်နှင့် ရွာကွက်အလိုက် သွားရောက်ပြီး သဘောထားရယူခဲ့ရာ အေးမြသာယာအုပ်စုရှိ ရပ်ကွက် (၉)ရပ်ကွက်မှာ အေးမြသာယာမြို့တွင် ပါဝင်လိုပြီး ရေတာကျေးရွာ၊ ငှက်ပျောတောကျေးရွာ၊ ဆီဆုံကုန်းကျေးရွာ၊ ဂုံညင်းတန်းကျေးရွာ၊ ကဝေစုကျေးရွာတို့အား စုပေါင်း၍ ရေတာကျေးရွာအုပ်စု အဖြစ်လည်းကောင်း၊ ပြည်တော်သာကျေးရွာ၊ သိုက်ဝါးချောင်းကျေးရွာတို့ စုပေါင်းပြီး ပြည်တော်သာ ကျေးရွာအုပ်စုအဖြစ်သာ ဖွဲ့စည်းလိုကြောင်း သဘောထားရရှိခဲ့ပြီးဖြစ်ပါတယ်။ အောင်သုခကျေးရွာ မှာမူ မည်သည့်အုပ်စုထဲတွင် ပါဝင်ဖွဲ့စည်းလိုသည်ကို ယခုအထိ တင်ပြလာခြင်းမရှိ၍ မည်သို့ ဆောင်ရွက် လိုသည်ကို ပြည်သူလူထု၏ သဘောထား ရယူဆောင်ရွက်လျက်ရှိပါတယ်။

ဖော်ပြပါ ရပ်ကွက်၊ ကျေးရွာများ၏ မြေအသုံးချမှုအခြေအနေနှင့် ကျေးရွာတစ်ရွာချင်းစီ၏ အုပ်ချုပ်ရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ ဘာသာရေး၊ လူမှုရေးဆိုင်ရာ အချက်အလက်များ၊ ကျေးရွာသမိုင်းကြောင်း စသည့်စာရင်းဇယားများ ပြုစုဆောင်ရွက်လျက်ရှိပြီး အချက်အလက် စာရင်း ဇယားများနှင့် မြေပုံများ ပြည့်စုံအောင် ဆောင်ရွက်ပြီးပါက လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့မှ ကွင်းဆင်းစစ်ဆေးပြီး အမှုတွဲကို တစ်ပေါင်းတည်း တည်ဆောက်၍ ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဖြေကြားတင်ပြ အပ်ပါတယ်။

**ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ ထိန်စွန်းစားကျက်မြေတွင် စိုက်ပျိုးအသက်မွေးနေကြသော အိမ်ထောင်စုများမှ လူနေထိုင်ခွင့်ရရှိရေးအတွက် စားကျက်မြေပယ်ဖျက်ပေးရန် လျှောက်ထားခဲ့ ကြရာ ခွင့်မပြုဟု အကြောင်းကြားလာသဖြင့် နှစ်များစွာ စိုက်ပျိုးနေထိုင်ပြီးဖြစ်သော ပြည်သူလူထု ထိခိုက် နစ်နာမှုမရှိစေရေး မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁:၂၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ် က ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ ထိန်စွန်းစားကျက်မြေတွင် စိုက်ပျိုးအသက်မွေးနေကြသော အိမ်ထောင်စုများမှ လူနေထိုင်ခွင့်ရရှိရေးအတွက် စားကျက်မြေ ပယ်ဖျက်ပေးရန် လျှောက်ထားခဲ့ ကြရာ ခွင့်မပြုဟု အကြောင်းကြားလာသဖြင့် နှစ်များစွာ စိုက်ပျိုးနေထိုင်ပြီးဖြစ်သော ပြည်သူလူထု ထိခိုက် နစ်နာမှုမရှိစေရေး မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၂၇။**

**ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့်ပြည့်စုံပြီး မင်္ဂလာအပေါင်းခညောင်းကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်က ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ရွေးချယ်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေချစ် ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးနဲ့ စတုတ္ထပုံမှန်အစည်းအဝေးကာလအတွင်း ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်အတွင်းရှိ သနွှေပင်ကျေးရွာအုပ်စု၊ ထိန်စွန်းစားကျက်မြေမှ(၁၆၂)ကေ၊ ပက်တန်းကျေးရွာအုပ်စုမှ (၄၀)ကေ၊ ချောင်းဝ-နှောကုန်းကျေးရွာအုပ်စုမှ (၅၆) ကေတို့အား စားကျက်မြေ ပယ်ဖျက်ခွင့်ကို လုပ်ထုံးလုပ်နည်းများအရ သက်ဆိုင်ရာ ဦးစီးဌာနများ၏ ထောက်ခံချက်များဖြင့် အဆင့်ဆင့် တင်ပြခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလအတွင်း လျှောက်ထားခဲ့သော ချောင်းဝ-နှောကုန်းစားကျက်မြေမှ (၅၆)ကေအား ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင်လည်းကောင်း ပက်တန်းစားကျက်မြေမှ (၄၀)ကေအားလည်းကောင်း စားကျက်မြေ ပယ်ဖျက်ခွင့်ပြုခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ လူနေထိုင်ရန်နှင့် ဥယျာဉ်ခြံမြေအဖြစ် အသုံးပြုခွင့် အမိန့်စာကို ထုတ်ပေးခဲ့ခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလကတည်းက တင်ပြထားတဲ့ ထိန်စွန်းစားကျက်မြေမှ (၁၆၂)ကေကို စားကျက်မြေ ပယ်ဖျက်ခွင့်မပြုဘဲ ၂၉-၈-၂၀၁၈ ရက်နေ့ ရန်ကုန်တိုင်းဒေသကြီး တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးအမှတ်စဉ် ၁၀/၂၀၁၈ ဆုံးဖြတ်ချက်အပိုဒ် ၇(န) အရ စားကျက်မြေအသုံးပြုခွင့် လျှောက်ထားမှုကို ခွင့်မပြု၊ အထက်မြန်မာပြည် မြေနှင့်အခွန်နည်းဥပဒေ-၇၈ အရလည်းကောင်း၊ အောက်မြန်မာပြည် မြေနှင့်အခွန် နည်းဥပဒေ(၆၉)အရလည်းကောင်း၊ စားကျက်မြေကို စားကျက်မြေအဖြစ်သာထားရှိရန် မည်သူမဆို စားကျက်မြေအပေါ်ကျူးကျော်ဝင်ရောက်စိုက်ပျိုးခြင်း၊ လူနေထိုင်ခြင်း၊ သစ်ပင်ခုတ်ခြင်း၊ သယ်ဆောင်ခြင်း၊ သဘာဝပေါက်မြက်ပင်များကို ရိတ်သိမ်းခြင်း ပြုလုပ်ပါက မူလကျသင့်မြေတန်ဖိုးနှစ်ဆ စည်းကြပ်ဒဏ်ငွေရိုက်ခြင်းအပြင် (၂)လထက် မပိုသော ထောင်ဒဏ်အပြစ်ချမှတ်တရားစွဲဆို ခံရမည်ဖြစ်ကြောင်းအကြောင်းကြားလာပါတယ်။ ထိန်စွန်းစားကျက်မြေအတွင်း လွန်ခဲ့သော (၄၅)နှစ်က တောရိုင်းမြေအားခုတ်ထွင် ရှင်းလင်းပြီး သစ်သီးဝလံ ဥယျာဉ်ခြံမြေ စိုက်ပျိုးရင်း လူနေအိမ်ခြေများ တည်ဆောက်ခြင်း၊ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းများ ခင်းခြင်း၊ ရေ၊ မီး၊ စာသင်ကျောင်း၊ ဆေးခန်း၊ အားကစားကွင်းတို့ဖြင့် ပြည့်ပြည့်စုံစုံ တည်ဆောက်ထားပြီး မြန်မာနိုင်ငံသား အိမ်ထောင်စု (၂၇၅)စု အတည်တကျ နေထိုင်လုပ်ကိုင်စားသောက်နေကြပြီ ဖြစ်ပါတယ်။

ရှိပြီးသား စားကျက်မြေမှာ ယခု အသုံးပြုခွင့် လျှောက်ထားခြင်း မဟုတ်ပါ။ မြေအသုံးချရေး ဥပဒေလည်း အတည်ပြု ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။ ၂၉-၈-၂၀၁၈ ရက်နေ့ကျမှ မြေနှင့်အခွန်နည်းဥပဒေ (၆၉)၊ (၇၈) တို့ဖြင့် ကျူးကျော်သူအဖြစ် သတ်မှတ်ပြီး တရားစွဲဆို အရေးယူမည်ဆိုသောကြောင့် နစ်နာနိုင်သော မဲဆန္ဒရှင်ပြည်သူများကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၂၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာ နေပြည်တော်ကောင်စီက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁:၂၉။**

**ဦးအေးမောင်စိန် (နေပြည်တော်ကောင်စီဝင်)။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက် နေ့ကို ကြွရောက်ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေချစ် ရဲ့ ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ ထိန်စွန်းစားကျက်မြေမှာ စိုက်ပျိုးအသက်မွေးနေကြတဲ့ အိမ်ထောင်စုများမှ လူနေထိုင်ခွင့်ရရှိရေးအတွက် စားကျက်မြေ ပယ်ဖျက်ပေးရန် လျှောက်ထားခဲ့ကြရာ ခွင့်မပြုဟု အကြောင်းကြားလာတဲ့အတွက် နှစ်များစွာ စိုက်ပျိုးနေထိုင်ပြီးဖြစ်တဲ့ ပြည်သူလူထု ထိခိုက်နစ်နာမှုမရှိစေရေး မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်းပြီးတော့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ကိုယ်စား ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထိန်စွန်းကျေးရွာဟာ ပြည်ထဲရေးဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာန၏ ၂၅-၅-၁၉၇၃ ရက်စွဲပါ စာအမှတ် ၃/၁၉၃/အထ(၂)နဲ့ ထုတ်ပြန်တဲ့ အမိန့်ကြော်ငြာစာ၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနတို့ရဲ့ ၃၀-၈-၁၉၇၃ ရက်စွဲပါစာအမှတ် ၃/၁၉၃/အထ(၂)နဲ့ ထုတ်ပြန်တဲ့ အမိန့်ကြော်ငြာစာ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၁၈-၁၁-၂၀၁၁ ရက်စွဲပါ စာအမှတ်၊ ၁၀၀/၂၃-၂၂၇/ဦး၁ ဖြင့် ထုတ်ပြန်တဲ့ အမိန့်ကြော်ငြာစာအရ တရားဝင် ကျေးရွာဖြစ်ကြောင်း တွေ့ရပါတယ်။ ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၅၂၂)မှာရှိတဲ့ စားကျက်မြေ (၁၁၅.၇၁)ဧကနှင့် ဘွက်ကြီးကျေးရွာအုပ်စု ကွင်းအမှတ်-(၅၂၃)၊ စားကျက်မြေဧရိယာ (၃၈.၁၂) ဧကတို့ကို ထိန်စွန်းကျေးရွာ အိမ်ထောင်စု (၂၇၅)စုကိုယ်စား

ဦးထွန်းမြင့် နှင့် ဦးအေးသိန်း တို့မှလည်းကောင်း ဘွက်ကြီးကျေးရွာအုပ်စု အိမ်ထောင်စု(၅၆)စု ကိုယ်စား ဦးငွေသန်း နှင့် ဦးဉာဏ်ဦး တို့ကလည်းကောင်း စားကျက်မြေပေါ်မှာ နှစ်ပေါင်း (၄၀)ကျော်ခန့်နေထိုင်ခဲ့တဲ့အတွက် စားကျက်မြေ ပယ်ဖျက်ခွင့်ပြုပါရန် တင်ပြလာမှုအပေါ် အမှုတွဲကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါတယ်။

အဆိုပါ စားကျက်မြေ တည်ရှိတဲ့ ဧရိယာဟာ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းမှာ ပါဝင်ပါတယ်။ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၅၂၂) ရှိ၊ စားကျက်မြေ (၁၁၅.၇၁)ဧကအတွက် အိမ်ထောင်စု (၁၇၅)စုအနက် အိမ်ခြေ (၂၀၀)၊ သီလရှင်ကျောင်း (၁)ကျောင်း တည်ရှိပြီး မြေလွတ်တွေမှာ ကင်ပွန်းပင်၊ ဆူးပုတ်ပင်များ စိုက်ပျိုးထားရှိပါတယ်။ ဘွက်ကြီးကျေးရွာ၊ ကွင်းအမှတ်(၅၂၃) စားကျက်မြေဧရိယာ (၃၈.၁၂) ဧကမှာ အိမ်ထောင်စု (၅၆)အုပ်စုအနက် အိမ်(၃၉)အိမ်၊ ဘုန်းကြီးကျောင်း(၁)ကျောင်း တည်ရှိပြီး မြေလွတ်မှာ ကင်ပွန်းပင်၊ ဆူးပုတ်ပင်တွေ စိုက်ပျိုးထားရှိပါတယ်။

လျှောက်ထားတဲ့သူတွေဟာ စားကျက်မြေပေါ်မှာ နှစ်ပေါင်း(၄၀)ကျော်ခန့် နေထိုင်ခဲ့ပြီး နှစ်စဉ် ရာသီသီးနှံများနှင့် ကင်ပွန်းပင်၊ ဆူးပုတ်ပင်များ စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြောင်း စိစစ် တွေ့ရှိရပြီးတော့ ရာသီသီးနှံတွေ စိုက်ပျိုးထုတ်လုပ်မှုများကြောင့် ဒေသခံပြည်သူများအတွက် ဟင်းသီးဟင်းရွက်များ ထုတ်လုပ်ရောင်းချနိုင်၍ ကာယကံရှင်များအတွက် စားဝတ်နေရေး အထောက်အကူပြုလျက်ရှိသော်လည်း နှစ်ပေါင်းများစွာ ကြာရှည်ပြီး အခိုင်အမာ ဖြစ်နေမှုကြောင့် တရားဥပဒေအရ အရေးယူမည်ဆိုပါက အခက်အခဲများ ရှိနိုင်ခြင်း၊ စားကျက်မြေ ကျူးကျော်မှုများမှာ တစ်နိုင်ငံလုံး အတိုင်းအတာအရ ဖြစ်ပေါ်နေခြင်းတို့ကြောင့် စားကျက်မြေ စီမံခန့်ခွဲမှုကိစ္စရပ်များနှင့် ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်ရာမှာ ပြည်ထောင်စုအစိုးရအဖွဲ့က မူဝါဒချမှတ်ပေးသင့် ပါကြောင်းနဲ့ မူဝါဒရရှိပါက လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ နိုင်ငံခြားတက္ကသိုလ် သို့မဟုတ် ပညာရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ဖြစ်စေ၊ မိမိကိုယ်ပိုင်သင်ရိုးညွှန်းတမ်းများဖြင့်ဖြစ်စေ ဖွင့်လှစ်သင်ကြားပို့ချနေသော ပုဂ္ဂလိကပညာရေးသင်တန်းကျောင်းများ၏ အရည်အသွေး၊ အဆင့်အတန်းကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် ယင်းသင်တန်းကျောင်းများမှ ထုတ်ပေးသော လက်မှတ်များကို စိစစ်၍ သတင်းထုတ်ပြန်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁:၃၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (ဖ) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေးက နိုင်ငံခြားတက္ကသိုလ် သို့မဟုတ် ပညာရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ဖြစ်စေ၊ မိမိကိုယ်ပိုင်သင်ရိုးညွှန်းတမ်းများဖြင့် ဖြစ်စေ ဖွင့်လှစ်သင်ကြားပို့ချနေသော ပုဂ္ဂလိကပညာရေးသင်တန်းကျောင်းများ၏ အရည်အသွေး၊ အဆင့်အတန်းကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် ယင်းသင်တန်းကျောင်းများမှ ထုတ်ပေးသော လက်မှတ်များကို စိစစ်၍ သတင်းထုတ်ပြန်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးကျော်ထွေး အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၃၄။**

**ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံရဲ့ သယံဇာတအရင်းအမြစ်တွေထဲမှာ လူ့စွမ်းအားအရင်းအမြစ်က အဓိကအကျဆုံးနဲ့ ထုတ်ယူသုံးစွဲပေမယ့်လည်း ကုန်ဆုံးမသွားတဲ့အပြင် ပိုမိုကောင်းမွန်တိုးတက်လာတဲ့ အရင်းအမြစ် ဖြစ်ပါတယ်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှသာ အခြားအရင်းအမြစ်တွေ ပိုမိုထိရောက် ကောင်းမွန်လာအောင်နဲ့ ရေရှည်တည်တံ့လာအောင် စနစ်တကျ စီမံခန့်ခွဲအသုံးချနိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ကြီးပွားချမ်းသာဖို့ ကမ္ဘာ့အလယ်မှာ ဂုဏ်တင့်တယ်ဖို့ ပညာရေးဟာ အသက်တမျှ အရေးကြီးပါတယ်။ ဒါကြောင့်လည်း ၂၀၁၄ ခုနှစ်၊ အမျိုးသားပညာရေး ဥပဒေကို ပြဋ္ဌာန်းပြီး တိုင်းပြည်အနာဂတ်အတွက် ပညာရေးမူဝါဒတွေကို ချမှတ်ခဲ့ပါတယ်။ အမျိုးသားပညာရေးဥပဒေ အခန်း(၃)၊ ပုဒ်မ ၄၊ ပုဒ်မခွဲ(ဠ)မှာ ပညာရေးအဆင့်အတန်းနှင့် ပညာရပ် နယ်ပယ်အသီးသီးမှာ ပညာရေးအဆင့်အတန်း သတ်မှတ်ပြီး အရည်အသွေးအာမခံမှုရှိသော စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရေးလို့ ပြဋ္ဌာန်းထားပါတယ်။

ဒါ့အပြင် အခန်း(၄)၊ ပုဒ်မ ၅ အရ အမျိုးသားပညာရေးမူဝါဒ ကော်မရှင် ဖွဲ့စည်းခြင်းနှင့် တာဝန်၊ လုပ်ပိုင်ခွင့်များမှာလည်း ပုဒ်မ ၆ (ခ)အရ အမျိုးသားပညာရေး ရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်သော အမျိုးသားပညာရေး သင်ရိုးညွှန်းတမ်းကော်မတီ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီတို့ကို ဖွဲ့စည်းတာဝန်ပေးထားပါတယ်။ ပုဒ်မ ၆(က)မှာလည်း အရည်အသွေးအာမခံမှုစံချိန်စံညွှန်းများ သတ်မှတ်နိုင်ရန် မူဝါဒများချမှတ်ခြင်းနှင့် လမ်းညွှန်ခြင်း ပုဒ်မ ၆(ဆ)ကျောင်းများ ဖွင့်လှစ်ခြင်း ဖွင့်လှစ်ခွင့် ရပ်ဆိုင်းခြင်းနှင့် ပိတ်သိမ်းခြင်းဆိုင်ရာ မူဝါဒများချမှတ်ခြင်းလို့ ဖော်ပြထားရှိပါတယ်။ ပုဒ်မ ၅၄ (က)(ခ)(ဂ)တို့မှာလည်း ပညာအရည်အသွေး အာမခံမှုအစီအစဉ် စံချိန်စံညွှန်းနှင့် နည်းလမ်းများကို သတ်မှတ်ပေးရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။

ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့နိုင်ငံကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ စစ်မှန်တဲ့ ပညာရေးအဆင့်အတန်း မြင့်မားနေဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ခေတ်နောက်ကျတဲ့ ပညာရေးစနစ်နဲ့ ကမ္ဘာ့အလယ် မဝင်ဆံ့ခဲ့တဲ့ ပညာရေးအဆင့်အတန်းကို မြှင့်တင်နိုင်ဖို့ အမျိုးသားပညာရေးမူဝါဒကော်မရှင်ကို ဖွဲ့စည်းပြီး ဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဖို့ တာဝန်ပေးအပ်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေး ခေတ်နောက်ကျမှုနှင့် ဥပဒေကြီးကြပ်မှု အားနည်းတဲ့အခြေအနေကို အခွင့်ကောင်းယူပြီး အရည်အသွေး စစ်မှန်မှု မသေချာဘဲ မြန်မာ့ပညာရေးလောကထဲကို နိုင်ငံခြားတက္ကသိုလ်အဖွဲ့အစည်းအမည်များ အသုံးပြု၍ ကြော်ငြာအား ကောင်းကောင်းနဲ့ သင်တန်းကျောင်းမျိုးစုံ ဖွင့်လှစ်သင်ကြားပို့ချ ပေးနေတာကို တွေ့ရပါတယ်။ အမျိုးအမည်ပေါင်းစုံနှင့် သင်တန်းကျောင်းပေါင်း (၁၀၀)ကျော်ခန့် ဝင်ရောက်နေရာယူထားပြီး သူတို့နဲ့ ချိတ်ဆက်ထားတယ်ဆိုတဲ့ Awarding Body (၂၅)ဦးခန့် ရှိတယ်လို့ ကြော်ငြာတွေမှာ တွေ့ရပါတယ်။ သင်တန်းကြေးတွေကလည်း မြင့်မားစွာပေးရပြီး အဲဒီကျောင်းတွေက သင်ကြားပို့ချနေတဲ့ သင်ရိုးညွှန်းတမ်း၊ သင်တန်းဆင်းလက်မှတ်များရဲ့ အရည်အသွေးနဲ့ အဆင့်အတန်းကို သက်ဆိုင်ရာနိုင်ငံ၊ တက္ကသိုလ်အဖွဲ့အစည်းတွေက အသိအမှတ် ပြု/ မပြု မသေချာပါဘူး။ အဲဒီကျောင်းတွေက စီးပွားရေးတွက်ချေကိုက်မှုကိုသာ အဓိကထားပြီး အတုအယောင် သို့မဟုတ် အရည်အသွေးမမီတဲ့ သင်ခန်းစာများကိုသာ သင်ကြားပို့ချနေမယ်ဆိုရင် ကျောင်းသူ/ကျောင်းသား များနဲ့ သားသမီးပညာရေးကို အဆင့်မြှင့်တင်ချင်တဲ့ ကျောင်းသားမိဘများသာ ဆုံးရှုံးနစ်နာရုံ သာမက မြန်မာ့ပညာရေးရဲ့ ဂုဏ်သိက္ခာကိုပါ ထိခိုက်စေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့နိုင်ငံအများစုမှာ ပညာရေးအဆင့်အတန်း မြှင့်တင်ရန်နှင့် နိုင်ငံသားများရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ပညာရေး အရည်အသွေး စိစစ်ကြပ်မတ်တဲ့ အဖွဲ့အစည်းတွေ ထားရှိကြပါတယ်။ ကျွန်တော်တို့ဆီမှာလည်း

အမျိုးသားပညာရေးအဆင့်အတန်းနဲ့ အရည်အသွေးအာမခံမှုအကဲဖြတ်ရေးကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်သော်လည်း ပုဂ္ဂလိကပညာရေးလုပ်ငန်းများကို စိစစ်အကဲဖြတ်တဲ့ လုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နေတာ မတွေ့ရပါဘူး။

အမျိုးသားပညာရေး မူဝါဒကော်မရှင်ရဲ့ (၆)လပတ်အစီရင်ခံစာတွေအပေါ်မှာ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်တွေကို ပြန်လည်ရှင်းလင်းတဲ့အခါမှာလည်း ပုဂ္ဂလိကဖွင့်လှစ်ထားတဲ့ သင်တန်းအစီအစဉ်များကို အသိအမှတ်ပြုခြင်းနှင့် နိုင်ငံတကာပညာရေးအဖွဲ့အစည်းများ၊ တက္ကသိုလ်များနှင့် ပူးပေါင်းဖွင့်လှစ်ခြင်းဆိုင်ရာကိစ္စရပ်များကို စိစစ်ဆောင်ရွက်ရာမှာ ပုဂ္ဂလိကကျောင်းဥပဒေကို ပြဋ္ဌာန်းရန် လိုအပ်တယ်လို့ ဖြေကြားချက်ကလည်း ပြည့်စုံတဲ့အဖြေ တာဝန်ယူမှု/ တာဝန်ခံမှုရှိတဲ့ အဖြေ မဟုတ်ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဂ္ဂလိကကျောင်းဥပဒေ ပြဋ္ဌာန်းပြီးသည်အထိ ထိုင်စောင့်နေပြီး ရှိတဲ့သင်တန်းမျိုးစုံကို လျစ်လျူရှုထားမယ်ဆိုရင် သင်တန်းသားတွေရဲ့အချိန်၊ ငွေကြေးကုန်ကျမှုတွေက အာမခံချက် မရှိတော့တဲ့ အခြေအနေကို ရောက်ရှိနေပြီး ကုစားလို့မရတဲ့ ဆုံးရှုံးနစ်နာမှုတွေ ဖြစ်စေမှာ ဖြစ်ပါတယ်။ အဲဒီသင်တန်းကျောင်းတွေရဲ့ သင်ရိုးညွှန်းတမ်း၊ ဆရာ၊ ဆရာမများရဲ့ အရည်အသွေးနဲ့ ထုတ်ပေးမယ့် သင်တန်းဆင်းလက်မှတ်တွေ အဆင့်အတန်း မပြည့်မီပါက နိုင်ငံတကာ အဆင့်မြင့်ပညာရေးကို အားကိုးတကြီး တက်ရောက်သင်ယူနေတဲ့ သင်တန်းသားများဟာ အချိန်ကုန် ငွေကုန် အကျိုးမရှိဖြစ်ရပါတော့မယ်။

တကယ်ဆိုရင် ဒီကျောင်းတွေရဲ့ ကြော်ငြာမှာပါတဲ့ နိုင်ငံရဲ့ ကျောင်းနဲ့ တကယ်ချိတ်ဆက်ထားမှု ရှိ/မရှိ Awarding Body တွေ၊ Regulator တွေကို Website တွေမှာ အလွယ်တကူရှာလို့ရပါတယ်။ သက်ဆိုင်ရာနိုင်ငံရဲ့ အစိုးရကို တရားဝင် မေးလို့လည်း ရပါတယ်။ သက်ဆိုင်ရာနိုင်ငံရဲ့ ကြပ်မတ်တဲ့ အဖွဲ့စည်းများမှာ မှတ်ပုံတင်ထားလား၊ သက်တမ်းလွန်နေလား၊ သက်ဆိုင်ရာ နိုင်ငံကတောင် အသိအမှတ်ပြုခြင်းမခံရတဲ့ သင်ရိုးညွှန်းတမ်းတွေလား၊ ဘယ်နိုင်ငံတွေမှာမှ လက်မခံသေးသောပညာရေးကို ကျွန်တော်တို့နိုင်ငံမှာ ပထမဦးဆုံး လာရောက်စမ်းသပ်တာလား စသည်ဖြင့် စိစစ်ပြီး မှန်ကန်တယ်ဆိုရင်၊ တိုင်းပြည်ရဲ့ ပညာရေးအဆင့်ကို အထောက်အကူပြုမယ်ဆိုရင် အားပေးအသိအမှတ်ပြုပြီး မမှန်ကန်ပါက တားမြစ်ပိတ်ပင်ပြီး အများပြည်သူ သိရှိအောင် သတင်းထုတ်ပြန်အသိပေးမယ်ဆိုရင် ကျောင်းသူ၊ ကျောင်းသားတွေနဲ့ မိဘပြည်သူတွေရဲ့ ဆုံးရှုံးနစ်နာမှုကို ကာကွယ်နိုင်မှာဖြစ်သလို တိုင်းပြည်ရဲ့ ဂုဏ်သိက္ခာကိုလည်း ကာကွယ်နိုင်မှာဖြစ်ပါတယ်။ ဟိုတလောက ကျော်ကြားခဲ့တဲ့ ဇီးပင်ကြီးစစ်တမ်းလိုကိစ္စမျိုးလည်း မပေါ်ပေါက်နိုင်တော့ပါဘူး။

ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစိုးရတက္ကသိုလ်များ အဆင့်အတန်းမြှင့်တင်ပေးဖို့ လိုအပ်သလို ပုဂ္ဂလိကပညာရေးလည်း အဆင့်မြှင့်ပေးဖို့ လိုအပ်

ပါတယ်။ စိစစ်ကြပ်မတ်အကဲဖြတ်တဲ့ လုပ်ငန်းစဉ် မရှိဘဲနဲ့ ပညာရေးအဆင့်အတန်းက မြင့်မားလာဖို့ မဖြစ်နိုင်ပါဘူး။ စစ်မှန်တဲ့ပညာရေးကို ကျွန်တော်တို့ ကျောင်းသားလူငယ်များ ရရှိဖို့ကလည်း အရေးကြီးပါတယ်။ ဒါကြောင့် နိုင်ငံခြားတက္ကသိုလ် သို့မဟုတ် ပညာရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ဖြစ်စေ မိမိကိုယ်ပိုင် သင်ရိုးညွှန်းတမ်းများနှင့်ဖြစ်စေ ဖွင့်လှစ်သင်ကြား ပို့ချနေသော ပုဂ္ဂလိကပညာရေးသင်တန်းကျောင်းများ၏ အရည်အသွေးအဆင့်အတန်းကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် ယင်းသင်တန်းကျောင်းများမှ ထုတ်ပေးသော လက်မှတ်များကိုစိစစ်၍ သတင်းထုတ်ပြန်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် အမျိုးသားလွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၄၀။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁:၄၀။**

**ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုတောင်းဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်က မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ် ဖြစ်ပါတယ်။

ပုဂ္ဂလိက က ဖွင့်လှစ်ထားတဲ့သင်တန်းတွေ နိုင်ငံတကာ ပညာရေးအဖွဲ့အစည်းများ၊ တက္ကသိုလ်များနှင့် ချိတ်ဆက် ပူးပေါင်းဖွင့်လှစ်တဲ့ သင်တန်းကျောင်းတွေကို အသိအမှတ်ပြုဖို့၊ စိစစ်ဆောင်ရွက်ဖို့ ပုဂ္ဂလိကကျောင်းဥပဒေ ရှိမှဖြစ်ပါမယ်။ ဒီဥပဒေ မပြဋ္ဌာန်းနိုင်သေးတဲ့အချိန်မှာပဲ ကြော်ငြာအားကောင်းကောင်း သင်တန်းကြေးတွေလည်းမြင့်တဲ့ သင်တန်းကျောင်းပေါင်း(၁၀၀)ကျော် ဖွင့်လှစ်ကာ သင်ကြားပေးနေပြီဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေနဲ့ မိဘပြည်သူတွေ အချိန်ကုန်၊ ငွေကုန် နစ်နာဆုံးရှုံးမှု မဖြစ်စေဖို့ လိုအပ်တယ်လို့ ယုံကြည်၍ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး ရဲ့ နိုင်ငံခြားတက္ကသိုလ် သို့မဟုတ် ပညာရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ဖြစ်စေ၊ မိမိကိုယ်ပိုင် သင်ရိုးညွှန်းတမ်းများဖြင့်ဖြစ်စေ ဖွင့်လှစ်သင်ကြားပို့ချနေသော ပုဂ္ဂလိကပညာရေး သင်တန်းကျောင်းများ၏ အရည်အသွေး၊ အဆင့်အတန်းကို စစ်ဆေးအကဲဖြတ် ခြင်းနှင့် ယင်းသင်တန်းကျောင်းများမှ ထုတ်ပေးသော လက်မှတ်များကို စိစစ်၍ သတင်းထုတ်ပြန် ပေးရန် အဆိုအား အလေးအနက် ထောက်ခံကြောင်း တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၁:၄၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးကျော်ထွေး တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ နိုင်ငံခြားတက္ကသိုလ် သို့မဟုတ် ပညာရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ဖြစ်စေ၊ မိမိကိုယ်ပိုင်သင်ရိုး ညွှန်းတမ်းများဖြင့် ဖြစ်စေ ဖွင့်လှစ်သင်ကြားပို့ချနေသော ပုဂ္ဂလိကပညာရေး သင်တန်းကျောင်းများ၏ အရည်အသွေး၊ အဆင့်အတန်းကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် ယင်းသင်တန်းကျောင်းများမှ ထုတ်ပေးသော လက်မှတ်များကို စိစစ်၍ သတင်းထုတ်ပြန်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးကျော်ထွေး ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁:၄၃။**

**ဥက္ကဋ္ဌ**။ ။ ဦးကျော်ထွေး တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၄)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁:၄၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၃ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၁၁:၄၄ နာရီအချိန်တွင် ရပ်နားပါသည်။]